ရောင်းမှု
The Mirror

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (1-4-2005) (၄၅၅၅)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလုံး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံး ဦးဆောင်သည် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၇နာရီ ၅၅မိနစ်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံး ဦးဆောင်သည် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာတီဂျဆူ ဒါဆန်နှင့် သံရုံးအဖွဲ့ဝင်များ၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးလှသန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- တူးဖော်ရေးအကဲဖြတ်တွင်း ရွှေဖြူ(၃)နှင့် အကဲဖြတ်တွင်း ရွှေ(၄) တို့ကိုလည်း ဆက်လက်တူးဖော် စမ်းသပ်လျက်ရှိသည်။ ယခုအချိန်အထိ တူးဖော်စမ်းသပ်ပြီးစီးမှု အခြေအနေများအရ ရွှေနှင့်ရွှေဖြူ ဘူမိအနေထားနှစ်ခုပေါင်း၏ သဘာဝဓာတ်ငွေ့သိုက် ပမာဏမှာ ၆ ဒသမ ၅ ထရီလီယံ ကုဗပေမှ ၁၁ ထရီလီယံ ကုဗပေခန့်အထိ ရှိနိုင်ကြောင်း ခန့်မှန်းထားပေသည်။

  ခေါင်းကြီး (စာမျက်နှာ–၂)

- ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် လိုအပ်သော အခြေခံအဆောက် အအုံများကို တည်ဆောက်ပြီးချိန်တွင် တပ်မတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ ချောမွေ့စွာရောက်ရှိစေရန် အမျိုးသားရေး လမ်းပြမြေပုံဖြစ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ချမှတ်ပေးခဲ့သည်။ ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမဆုံးဖြစ်ပြီး အရေးအကြီးဆုံး အဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးအား တစ်ပိုင်းပြီး တစ်ပိုင်း အောင်မြင်စွာကျင်းပလျက်ရှိနေပေပြီ။

  ခြင်ကျား(မအူပင်)၏ဆောင်းပါး(စာမျက်နှာ–၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြိုခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁-၄-၂၀၀၅
(သောကြာနေ့)

စွမ်းအင်ကဏ္ဍာပြည့်ဝဖူလုံပိုလျှံရေး
သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်

မြန်မာနိုင်ငံသည် ရေ၊ မြေသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ လူ့စွမ်းအား အရင်းအမြစ်နှင့် အတတ်ပညာ၊ နည်းပညာများ ပေါင်းစပ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် သဘာဝသယံဇာတများကို နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြင့်ထုတ်ယူသွားနိုင်မည်ဖြစ်သည်။

သဘာဝသယံဇာတများကို ကြိုးပမ်းရှာဖွေထုတ်လုပ်လျက်ရှိရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သည် တစ်ခုအပါအဝင် ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ပြည်ဝဖူလုံပိုလျှံစေရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကုန်းတွင်းပိုင်း၌ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ အသစ်များကို တိုးချဲ့ရှာဖွေ ထုတ်လုပ် လျက်ရှိသကဲ့သို့ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများကိုလည်း ပြည်ပကုမ္ပဏီများဖြင့် ပူးပေါင်းအကောင်အထည်ဖော် လျက်ရှိသည်။

တနင်္သာရီကမ်းလွန်ဒေသရှိ ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် ထုတ်လုပ်ရေးတွင်းဟောင်းများနှင့် နောက်ထပ် တူးဖော်အောင်မြင်သည် တွင်းသစ်များမှ နေ့စဉ်သဘာဝဓာတ်ငွေ့များ ထုတ်လုပ်ပေးနိုင်လျက်ရှိသည်။

ရခိုင်ကမ်းလွန်ဒေသလုပ်ကွက်၌ စမ်းသပ်တူးဖော်တွေ့ရှိရျက်များအရ နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်တစ်ခုဖြစ်ကြောင်းနှင့် အလားအလာကောင်းမွန်သည့် ဘူမိအနေအထားများ ဖြစ်ကြောင်းသိရှိရသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကိုရီယာသမ္မတနိုင်ငံ ဒေဂူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းနှင့် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A1တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို ၂၀၀၀ ပြည်နှစ်က ချုပ်ဆိုခဲ့ကြသည်။

ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A1တွင် သဘာဝဓာတ်ငွေ့ခိုအောင်နိုင်သော ရွှေ ရွှေဖြူနှင့်ငွေ ဘူမိအနေအထားသုံးခုတည်ရှိသည်။ ရွှေဘူမိအနေအထားတွင် တွင်းသုံးတွင်းကို တူးဖော်ပြီး စီးခဲ့ရာ သဘာဝဓာတ်ငွေ့သိုက်ပမာဏ လေးထရီလီယံကုဗပေမှ ခြောက်ထရီလီယံကုဗပေခန့်အထိ ခိုအောင်းနိုင်ကြောင်း စမ်းသပ်ရရှိထားပေသည်။

ယခုအခါ ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A1 တွင် အကဲဖြတ် တူးဖော်ရေးတွင်းအမှတ် ရွှေဖြူ(၂) စမ်းသပ်တူးဖော်ပြီးစီးလျက်ရှိသည်။ ယင်းသို့ တူးဖော်စမ်းသပ်ပြီးစီးမှု အခြေအနေအရ ခန့်မှန်းသဘာဝဓာတ်ငွေ့ သိုက်ပမာဏမှာ ၂ဒသမ၅ ထရီလီယံ ကုဗပေမှ ၇၊ထရီလီယံကုဗပေခန့်အထိ ခိုအောင်းတည်ရှိနိုင်ကြောင်း သိရသည်။

တူးဖော်ရေး အကဲဖြတ်တွင်း ရွှေဖြူ(၃)နှင့် အကဲဖြတ်တွင်း ရွှေ(၄)တို့ကိုလည်း ဆက်လက်တူးဖော် စမ်းသပ်လျက်ရှိသည်။ ယခုအချိန်အထိ တူးဖော်စမ်းသပ်ပြီးစီးမှု အခြေအနေများအရ ရွှေနှင်ရွှေဖြူ ဘူမိအနေအထား နှစ်ခုပေါင်း၏ သဘာဝဓာတ်ငွေ့သိုက်ပမာဏမှ ၆ဒသမ ၅ ထရီလီယံကုဗပေမှာ ၁၁ ထရီလီယံကုဗပေ ခန့်အထိရှိနိုင်ကြောင်း ခန့်မှန်းထားပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဖြစ်ထွန်းတည်ရှိမှု အလားအလာကောင်းများကို အခြေခံပြီး စွမ်းအင်ကဏ္ဍ ပြည်ဝဖူလုံပိုလျှံရေး ရည်မှန်းချက်ဖြင့် ကမ်းလွန်ဒေသမှ သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး အားသွန်စွန်စိုက် ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်နိုရိ၊ အရိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အခင်္ဂြာန်

"နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်မည့် မျိုးချစ်မြန်မာ့တပ်မတော်သည် အဖျက်ရန်စွယ် အန္တရာယ်မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲချေမှုန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက်ချီတက်မည် ဟု အခင်္ဂြာန်ပြုပါ၏"

ရောဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ချင်းပြည်နယ် မင်းတပ်–မတူပီလမ်း တိုးတက်ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ပြီးနေ့ကပဲ ဗိုလ်ချုပ်စောထွန်းသည် ဧနီ:ခေါ်မြင်ဒိုင်ကို ပီသားစုနှင့်အတူ မတ် ၂၇ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း အမရပုရမြို့နယ် မြစ်ငယ်မြို့ ရွေ့ပုဇွေဘဘုရား၀င်းအတွင်းမှ စေတီတော်များ ရွှေထီးတော်တင်ပဲဂံလာနှင့် သိမ်ကျောင်းရေစက်ရှု အလှူမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကာ ဝန်ထမ်းများနှင့်အတူ မိန်းမူးတော်နှင့်ထီးတော်များပင့်ဆောင်၍ မင်္ဂလာပန်းရထားမြင့် ထီးတော်အဆင့်ဆင့်တင်လှူပူဇော်ပြီး အလှူမင်္ဂလာအောင်မြင်မြင်း အထိမ်းအမှတ်အမြစ် ရွှေထီးတော်အား အမွေးနံ့သာများ ပက်ဖျန်းပေးကာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧရာဝတီတံတား (ရတနာဝပ္ပ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်ဌ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည် အစီအမံများကို ဝန်ကြီးအား ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည်ဆည်းဆောင်ရွက်ပေးသည်။

ထိုနောက် ဝန်ကြီးနှင်အဖွဲ့သည် ရေယာဉ်ဖြင့် မန္တလေးဘက်ကမ်းမှ စစ်ကိုင်းဘက်ကမ်းသို့ ထွက်ခွာပြီး ရေလယ်တိုင်အမှတ် RP$_3$တွင် သံပေါင်ကုန်းတံတားသံပေါင်မျှား တပ်ဆင်နေမှု၊ တိုင်အမှတ် RP$_4$ RP$_5$ တွင် ဘိုးပိုင်တူးခြင်း လုပ်ငန်းများနှင့် RP$_6$ မှ သံပေါင်ကုန်းတံတား သံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးနှင်အဖွဲ့သည် စစ်ကိုင်းဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်ဌ စစ်ကိုင်းဘက်ကမ်း စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်း၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးလျက် အလေးအလွင်းအနည်းဆုံးနှင့် အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ရန် မှာကြားပြီး လိုအပ်ချက်များကို ဖြည်ဆည်း ဆောင်ရွက်ပေးသည်။ ယခုအခါ မန္တလေးဘက်ကမ်း ချဉ်းကပ်တံတား ၁၇ ခန့်ရှိသည့် အနက်ကိုခန့်သံကူကွန်ကရစ်ကြမ်းခင်း လောင်းပြီးဖြစ်သည်။ စစ်ကိုင်းဘက်ကမ်းချဉ်းကပ်တံတား ၁၁ ခန့်ရှိသည့် အနက်ကိုခန့်သံကူကွန်ကရစ်ကြမ်းခင်း ပြီးဖြစ်သည်။ ပင်မတံတား သံပေါင်ဆင်ခြင်းတွင် ၃၆၃ဒသမ ၅ ပေရှိ အခန်းလေးခန့်အား လုံးပြီးစီးလျက် ၇၃၅ ပေရှိ သံပေါင်ကုန်း သံပေါင်တံတားသုံးခန်းကို ယခုအခါ မန္တလေး ဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းပါ တစ်ပြိုင်တည်း တပ်ဆင် ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မူးယစ်ဆေး၀ါး အမှုပေါင်း ၂၂၃ မှုဖမ်းဆီးရမိ

ရန်ကုန် မတ် ၃၁

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနတို့မှ မူးယစ်ဆေး၀ါးအမှုပေါင်း ၂၂၃မှု ဖမ်းဆီးခဲ့ရာ ၁၀ဒသမ ၂၉၇ ကီလို၊ အဆိုပါ မမ်းဆီးနိုင်ခဲ့သည့် မူးယစ်ဆေး၀ါးအမှုများတွင် ဘိန်း ၃ဝမှု အလေးချိန် ၇၁ ဒသမ ၈၇၃၁ ကီလို၊ ဘိန်းဖြူ စစမှု အလေးချိန် ၁၂ ဒသမ ၃၆၁ဂ၇ကီလို၊ ဘိန်းဆီ ကိုယ်စီ အလေးချိန် သုညဒသမ ၆၂၅ကီလို၊ ဘိန်း ၁၁မှု အလေးချိန် ၃ဒသမ ၆၆၄ စ ကီလို၊ ဆေးခြောက် ၁၃မှု အလေးချိန် ၄ ဒသမ ၄၇စကီလို၊ ဖင်ဆိုဒိုင်း တစ်မှု ပမာဏ နှစ်လစ်တာ၊ စိတ်ကြွရှူးသွပ်ဆေးပြား ၄၄မှု ၁၇၂ဖြာပြား၊ အက်ဗီဒရင်း သုံးမှု အလေးချိန် ၂၄ ဒသမ ၅၃ဖြက်လို၊ စိတ်ကြွရှူးသွပ်ဆေးမှုနှစ် တစ်မှုအလေးချိန်သုညဒသမ ၀၀၁ ကီလို ရောင်းဆိုးဟုတ်ဆေးရည် တစ်မှု ပမာဏ ၅ ဒသမ ၃၁ လစ်တာ၊ ဘိန်းစာမှုနှင့် သုံးမှု အလေးချိန် ၁ ဒသမ ၂၉၇ ကီလို၊ အက်တက်စီဆေးပြား တစ်မှု ၂၉စပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး တစ်ပုလင်း၊ ဗီအိုဘာဘီတယ်ဆေးပြား တစ်မှု ဆေးပြား ၉၂၀၊ မှတ်ပုတင်ပျက်ကိုးမှုနှင့် အခြား အမှု နှစ်မှု ဖမ်းဆီးမိခဲ့ သည်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် မူးယစ်ဆေး၀ါးအမှုပေါင်း ၂၂၃မှု ဖမ်းဆီးခဲ့ရာတွင် တရား၀ံအမျိုးသား ၂ဖြဉီး၊ တရား၀ံအမျိုးသမီး ၆၀စုစုပေါင်း တရား၀ံ ၃၂၂ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေး၀ါးဖမ်းဆီးရမိမှုများအနက် ထူးခြားဖြစ်စဉ်များမှာ ဖေဖော်ဝါရီ ၂၁ ရက်တွင် တားဆီးနှိမ်နင်းရေးအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မူဆယ်ဗြိုဇယ် ၁၀၅ မိုင်ကျေးရွာနေ မောင်ဆမ်၏ နေအိမ်ကို ဝင်ရောက် ရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ရှစ်တုံး အလေးချိန် ၂ဒသမ ၈ကီလိုနှင့် လက်နက် ခဲယမ်းများ ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် မောင်ဆမ်နှင်အတူ အမှုတွင် ဆက်စပ်ပါဝင်သူများ ဖြစ်ကြသော ရီအောင်၊ မောင်ရင်ပြည်(ခ)အားပြင်၊ မာဂမ်(ခ)ခမ်း၊ ဒါဂမ်၊ လရိန်တို့ ငါ:ဦးအား မူဆယ်ရဲစခန်းမှ ဥပဒေအေရအရေးယူထားသည်။

ဖေဖော်ဝါရီ ၂၅ရက်တွင် တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကမ္ဘောဇလမ်းနေ အောင်ထွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စီတ်ကြွ ရူးသွပ်ဆေးပြား ၂၄၆စေ၀ပြား၊ ၂၄ဖြစ်ဝ ပြား၊ ကို သိမ်းဆည်းရမိခဲ့ပြီး ဆောင်ထွန်း၏ အစစ်ခံ ချက်အရ စီတ်ကြွရူးသွပ်ဆေးပြား များ လာပို့သူ ရွှေအောင်ကိုဖမ်းဆီး၍ ရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူ အလေးချိန် သုညဒသမ ၀၀၀၃ကီလို၊ သုညဒသမ ၃၂ဝစ္စတိုသေနတ်တစ်လက်နှင့်ငင်းကျည် ၀၊တောင်ဝတ္ထိကို ရှာဖွေတွေ့ရှိပြီး တောင်ကြီးမြို့ ရေအေးကွင်းရပ် လမ်းရှိ ရွှေအောင်၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ စီတ်ကြွ ရူးသွပ်ဆေးပြား ၆၈၁၇၀၊ ရွှေအောင်ငိုင် လိုင်စင်မဲ့ ပရာဒိုယာဥ်၏ အဲ့ဂက်အတွင်းမှစီတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ စုစုပေါင်း စီတ်ကြွရူးသွပ်ဆေးပြား ၇၂၁၇၀ ကို ရှာဖွေတွေ့ရှိ သိမ်းဆည်း၊ ရမိခဲ့သဖြင့် အောင်ထွန်းနှင် ရွှေအောင်တို့ နှစ်ဦး:အား တောင်ကြီး အမှတ်(၂)စီစုခန်းမှ ဥပဒေအေရအရေးယူထားသည်။ (သတင်းစဉ်)

မေတ္တာရေစင်၏ ဓီဝိတဒါန နေ့ကြီးမ်(၂၀)မြောက် မြောက်ဥဇ္ဇာလာပ ဆေးရုံတွင် ဆေးပေဒေသာပင် ဖိုက်ထူပွဲနှင့်လူနာအား ကိုယ်တိုင်ဆောက်ပုံ့ရွေ ပေးအပ်ပွဲကို မတ် ၃၀ ရက်ကကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမြသောင်းက ဦးမောင်မောင် ဖိုးတင်(အငြိမ်းစားသဲအမတ်ကြီး)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (မေတ္တာရေစင်)

မတ် ၃၁ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဗိုးဝင်း ဦးသည်တော် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလုံးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးပို့ဆောင်နွှတ်ဆက်စဉ်။ (သတင်း-ရှေ့ဖွဲ့) (သတင်းစဉ်)

အသင်းအထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

ရန်ကုန် မတ် ၃၁

ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နှာလည်မှုတည်ဆောက်ရေးအသင်း (CAFIU)မှ အကြေးပေးပုဂ္ဂိုလ် Mr. Cai Wu နှင့်အဖွဲ့သည် ယနေ့ညနေ ၅နာရီတွင် ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်သို့လာရောက်၍ ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာဖိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်ဌေးဦး၊ အာဇာတ္တ၊ ဆုပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနီးမှု ပိုမိုနိုင်မြဲရေးနှင့် နှစ်နိုင်ငံလူငယ်အသင်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ တိုးမြှင့်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုကြိုးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဗိုလ်ချုပ်ဌေးဦးနှင့် အတူ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနခွဲ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ပို့ဆောင်ရေးခန့်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဘဏ်ထွန်းအောင်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Li Jinjun လည်း တက်ရောက်သည်။ (သတင်း-စဉ်)

လာရောက်တွေ့ဆုံ

ပြည်ထောင်စုကြိုခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နှာလည်မှုတည်ဆောက်ရေးအသင်း (CAFIU) မှ အကြေးပေးပုဂ္ဂိုလ် Mr. Cai Wu နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်း-စဉ်)

ဒုတိယဗဟိုဘဏ်ဖွဲ့ ကျောင်းသားများအတွက် ကြေညာချက်ထုတ်ပြန်

ရန်ကုန် မတ် ၃၁

၂၀၀၄-၂၀၀၅ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို ကျင်းပသွားမည်ဖြစ်ရာ စတုတ္ထနှစ်ဥပဒေအထူးပြု ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို ၂၁-၄-၂၀၀၅ရက်မှ ၃၀-၄-၂၀၀၅ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့၌ပါ သင်တန်းများ ပို့ချသွားမည်ဖြစ်သည်။

စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၄-၅-၂၀၀၅ ရက်မှ ၁၀-၅-၂၀၀၅ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

တနင်္ဂနွေနေ့နှင့် အဓိပ္ပာယ်ဖိတ်ရက်များတွင် စာမေးပွဲမစစ်ဆေးကြောင်းနှင့် အသေးစိတ်အချိန်ဇယားကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်နှင့် ၎င်းတို့၏ ဌာနခွဲများ၌ ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနား

တိုင်းစစ်ဌာနချုပ် အသီးသီးဦးကျင်းပ

ရန်ကုန် မတ် ၃၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မတ် ၂၇ရက် ၇နာရီတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်းနှင့်ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်ဝေမင်းမြင့်နှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးပြစစ်ကြောင်း တပ်ခွဲများသည် စစ်ရေးပြကွင်းအတွင်း ရောက်ရှိနေရာယူကြပြီး တိုင်းမှူးအား အလေးပြုကြသည်။ ဆက်လက်၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ကျေးဇူးလေးပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထိုနောက် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က နှစ်(၆၀)ပြည့် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြ စစ်ကြောင်းများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကာ အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

ညပိုင်းတွင် တိုင်းစစ်ဌာနချုပ် သဲလွင်ခန်းမဆောင်၌နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုညစာစာပွဲကို ကျင်းပရာ တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင်အထူးဆုရရှိကြသူများအား တိုင်းမှူးက ဆုများချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစာပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

အနောက်မြောက်တိုင်း

အလာတူနှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၇နာရီတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် အာဂကစာကွင်း၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးတက်ရောက် မိန့်ခွန်းပြောကြားသည်။

အစီအစဉ်အရ စစ်ရေးပြစစ်ကြောင်း တပ်ခွဲများက ကွင်းအတွင်းနေရာယူကြပြီး တိုင်းမှူးအား အလေးပြုကြသည်။ ဆက်လက်၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျေးဇူးလေးပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်း၊ စစ်ကြောင်းများအား စစ်ဆေးခြင်းတို့ကို စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထိုနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက နှစ်(၆၀)ပြည့် တပ်မတော်နေ့မိန့်ခွန်းပြောကြားပြီး ဆုရရစစ်ကြောင်းတပ်ခွဲများအား ဆုများချီးမြှင့်သည်။

ယင်းနောက် စစ်ရေးပြစစ်ကြောင်းတပ်ခွဲများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု ကြပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

ညပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် မြတ်ဝိရိယသာရ မြက်ခင်းပြင်၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ညစာစာပွဲကို ကျင်းပရာ တိုင်းမှူးက တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့်ပြိုင်ပွဲတိုတွင် အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ညစာစာပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

တောင်ပိုင်းတိုင်း

ထိုအတူနှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၇နာရီတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အစီအစဉ်အရ စစ်ရေးပြစစ်ကြောင်း တပ်ခွဲများက တိုင်းမှူးအား အလေးပြုကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျေးဇူးလေးပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြအစီအစဉ် အတိုင်း ဆောင်ရွက်ကြသည်။

ထိုနောက် တိုင်းမှူးဗိုလ်ချုပ်ကိုကို က နှစ်(၆၀)ပြည့် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြ စစ်ကြောင်းတပ်ခွဲများက တိုင်းမှူးအား အလေးပြုကြ၍ စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ယင်းနောက် တိုင်းမှူးသည် စစ်ရေးပြ ဆုရ စစ်ကြောင်းတပ်ခွဲများအား ဆုများ ချီးမြှင့်၍ အခမ်းအနားကို ရပ်သိမ်းလိုက်ပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များသည် တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်နန်းများကို ကြည့်ရှုအား ပေးကြသည်။

ညပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ မြက်ခင်းပြင်၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုညစာစာပွဲကို ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက တပ်မတော်နေ့ အထိမ်းအမှတ်ဗြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ညစာစာပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသင်ကြံန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ စာတိုဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်ကြန်မြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ရေခဲထုပ်၊ ရေမှုဖောင်း ဆပ်ပြာရည် ဂက်(စ်)ဘူးဖြင့်ကစားက

၁။ လက်ဝယ်ထွေ့သူ ထောင် (၁)နှစ်
၂။ ကစားသူ ထောင် (၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ ထောင် (၅)နှစ် နှင့်ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

မြန်မာ့ဂိုဏ်ရာယဉ်ကျေးရှုမဟာသင်ကြံန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းပြုဆော်ချက်

(က) **မြန်မာ့ဂိုဏ်ရာယဉ်ကျေးမှုလေ့စရိုက်နှင့် ဗီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။**

(ခ) **ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဗီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။**

(ဂ) **အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြိမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။**

(ဃ) **တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖျက်မြိုးစေပြီး ဆုပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဇနီတီး ပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။**

မဟာသင်ကြံန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ဝန်ကြီးဌာနများနှင့်ဌာနဆိုင်ရာများ၏ဓာတ်အားသုံးစွဲမှု ချိုးခြံချွေတာရေး ကြပ်မတ်စစ်ဆေးနေ ပြည်သူများနှင့် စက်မှုဇုန်များတွင် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မတ် ၃၁

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမ၌ကျင်းပရာ လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဝင်များဖြစ်ကြသည့်အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရ ဦးသောင်းလွင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များနှင့်စက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့ကော်မတီအနေဖြင့် တစ်နိုင်ငံလုံးတွင် မြို့နယ်အလိုက်၊ စက်မှုဇုန်များအလိုက် လျှပ်စစ်ဓာတ်အား သုံးစွဲမှုကို နှစ်၊လ၊ရက်၊နာရီချင်းအလိုက် အသေးစိတ်စာရင်းဇယားများ ပြုစုဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများ၏ဓာတ်အားသုံးစွဲမှု ချိုးခြံချွေတာရေးအတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများနှင့်စက်မှုဇုန်များတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် မိမိတို့ကော်မတီက မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးလျက်ရှိပြီး ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အခက်အခဲရှိ

သို့သော်အဆိုပါဓာတ်အားပေးစက်ရုံကြီးများလည်းပတ်မှုအရှိန်မရသေးခြင်း၊ လိုအပ်သည့် ရေပမာဏလုံလောက်စွာ မရရှိသေးခြင်းနှင့် ဓာတ်အားသုံးစွဲမှုအရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား စွမ်းအားပြည့် ထုတ်လုပ်ပေးနိုင်မှုမှာ အခက်အခဲများ ရှိနေသေးကြောင်း။

ယင်းအခြေအနေများမှာ မကြာမီကာလအတွင်း ပြေလည်အောင် ဆောင်ရွက် ပေးနိုင်မည်ဖြစ်သကဲ့သို့ လက်ရှိကာလတွင်လည်း မိမိတို့ကော်မတီက ဓာတ်အားသုံးစွဲမှု အဆင်ပြေစေရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူစက်သုံးဆီ သုံးစွဲရန်လိုအပ်သည့်စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းရှင်များကိုလည်းစက်သုံးဆီများ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီသုံးစွဲမှုတို့မှာ အဓိကလိုအပ်ချက်တစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ကော်မတီက လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများ ဖြည့်ဆည်းဆောင်ရွက်ပေးမှု အခြေအနေများကို ယခုအစည်းအဝေးတွင် ရှင်းလင်း ပြောကြားသွားမည်ဖြစ်ပြီး စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များကလည်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များရှိက ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှု၊ စက်မှုဇုန်များနှင့်ပြည်သူများသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ နှစ်စဉ်ဓာတ်အားများ တိုးတက်သုံးစွဲလာမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းများ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ဓာတ်အားဖြည့်ဆည်း ဖြန့်ဖြူးပေးနိုင်မည့် အလားအလာများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိန်တင်ဝင်းက ဝန်ကြီးဌာနမှရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နေမှု၊တစ်နိုင်ငံလုံး၏ စက်သုံးဆီလိုအပ်ချက်နှင့် စက်မှုဇုန်များသို့ စက်သုံးဆီများ ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များနှင့်စက်မှုလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကိုတင်ပြကြပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများကဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်း တင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

တင်ပြချက်များနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စက်သုံးဆီ သုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေ ၄နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အစည်းအဝေးတက်ရောက်လာသည့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

လေးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရွှေဟသ်ာ သိရီမန္တစံကျောင်းပရိယတ္တိ စာသင်တိုက် နိုင်ငံတော်သြဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသအား အမှူးထား၍ သာသနောဒယကာရီလေးထပ်ကျောင်းတော်ကြီးကို ဧပြီ ၁၀ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရေစက်ချ အလှူမင်္ဂလာပွဲကျင်းပမည်ဖြစ်၍ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

မော်လမြိုင်တက္ကသိုလ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

မော်လမြိုင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများတက်ရောက်ကြရန်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့် ဖုန်း-၂၂၅၀၇၆ နှင့် ၂၁၂၁၈၅ တို့ထံ ဆက်သွယ်လှူဒါန်းကြရန် ဖြစ်သည်။ (၅၂၉)

သတိ

၁။ လေပေါင်(၁၀၀)မှ(၁၅၀)အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊နားများအား ထိုးမိပါက မျက်လုံး၊ နား ကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်း မပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက်၀၇:၀၀နာရီမှ ၁၈:၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈:၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည် ၁၁၄၄ဦးရောက်ရှိ

ရန်ကုန် မတ် ၃၁

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၀နိုင်ငံ၊ ကုမ္ပဏီ ၂၅၈ခုမှ ရတနာကုန်သည် ၇၄၃ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၂၁၇ခုမှ နိုင်ငံသားရတနာကုန်သည် ၄၀၁ဦး စုစုပေါင်း ရတနာကုန်သည် ၁၁၄၄ဦး ရောက်ရှိနေကြသည်။

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် ဧပြီ၁ရက်တွင် ထပ်မံ ရောက်ရှိကြမည်ဖြစ်သည်။

၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ပြပွဲသို့တက်ရောက်လာကြသောပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မတ် ၃၀ရက်၊ ၃၁ရက်နှင့် ဧပြီ ၁ရက်တို့တွင် ကျောက်မျက်ရတနာ အတွဲများကို ကြည့်ရှုလေ့လာ၍ ဧပြီ ၂ရက်၊ ၃ရက်နှင့် ၄ရက်တို့တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း၊ ဧပြီ ၅ရက်နှင့် ၆ရက်တို့တွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း၊ ဧပြီ ၇ရက်တွင်ပုလဲအတွဲများကိုတင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် လည်းကောင်း အသီးသီး ရောင်းချသွားမည် ဖြစ်သည်။ (သတင်းစဉ်)

ဓမ္မစေတီဆရာတော် တရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၃၁

မင်းကွန်းတောင်ရိုး ဓမ္မစေတီကျောင်းတိုက် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရသည် ဧပြီ၁ရက်နှင့် ၂ရက်တွင် ဖားကန့်၊ ၃ရက်နှင့် ၄ရက်များတွင် တနိုင်းမြို့၊ ၅ရက်မှ ၇ရက်အထိ ကုမ္ပဏီ၊ ၈ရက်နှင့် ၉ရက်များတွင် ရှင်ဗွေယန်၊ ၁၁ရက်တွင် မင်းကွန်း၊ ၁၃ရက်မှ ၁၆ရက်ထိ မြဝတီ၊ ၁၈ရက်မှ ၁၉ရက်အထိ ကျိုက္ခမီ၊ ၂၀ရက်နှင့် ၂၁ရက်တွင် သထုံ၊ ၂၂ရက်တွင် ကျိုက်ထော်၊ ၂၃ရက်တွင် သိမ်ဆိပ်၊ ၂၄ရက်တွင် မုပ္ပလင်၊ ၂၆ရက်နှင့် ၂၇ရက်တွင် ဖျာပုံ၊ ၂၈ရက်နှင့် ၂၉ရက်တွင် ဘိုကလေး၊ ၃၀ရက်တွင် မြင်းကကုန်းမြို့များ၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

တပ်မတော်နေ့ပြပွဲ ပြည်သူများ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၃၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ယနေ့ဆက်လက် ဖွင့်လှစ်ပြသသည်။

အထူးပြခန်းတစ်ခုဖြစ်သည့် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်းတွင် နေ့စဉ် မွန်းတည့်၁၂နာရီမှ မွန်းလွဲ၂နာရီအတွင်း ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ယနေ့ပြပွဲသို့ နိုင်ငံခြားသားများအပါအဝင် ရဟန်းရှင်လူ ပြည်သူလူထု စုစုပေါင်း ၁၀၀၀ ကျော်လာရောက်ကြည့်ရှုလေ့လာကြသည်။ ပြပွဲကိုဧပြီ ၄ရက် အထိ ဖွင့်လှစ်ပြသထားမည် ဖြစ်သည်။

(သတင်းစဉ်)

သမ္မတဘုရှ်အား လူထုထောက်ခံမှုထပ်ခံ ကျဆင်း

ဝါရှင်တန် မတ် ၃၀

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်အား ထောက်ခံမှုနှုန်းသည် နောက်ဆုံးကောက်ယူခဲ့သည့် လူထုသဘောထား စစ်တမ်းတွင် ထပ်မံကျဆင်းသွားခဲ့ပြန်သည်။ ထိုသို့ဖြစ်ရခြင်းမှာ အမေရိကန်အစိုးရက တရားရုံးချုပ်အထိ ရောက်ရှိခဲ့သော အမှုတစ်မှုတွင် ဝင်ရောက်စွက်ဖက်မှုနှင့် အမေရိကန်စီးပွားရေးနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မှု မြင့်မားလာရသည့် ကိစ္စများကြောင့်ဖြစ်နိုင်ဖွယ်ရှိသည်ဟု လူထုသဘောထားကောက်ယူသူများက ဖော်ပြခဲ့ကြသည်။

ယူအက်စ်အေတူဒေး၊ စီအင်နှ်အင်နှ်၊ ဂေါအပ် လူထုသဘောထားကောက်ယူသည့်ဌာနများက စစ်တမ်းကို ဖော်ပြပါအတိုင်း သောကြာနေ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်

သမ္မတ ဂျော့ဂျ်၊ ဘုရှ်သည် ကောင်းမွန်သည် အလုပ်ကို လုပ်ကိုင်နေခြင်းဖြစ်သည်ဟု ယူဆပါသလားဟု လူကြီး ၁၀၀၁ ဦးအား လေလာမေးမြန်းရာ ၄၅ရာနှုန်းသောသူများကသာ ဟုတ်မှန်ကြောင်း ပြောကြားကြသည်။

ဖေဖော်ဝါရီနှောင်းပိုင်းနှင့် မတ်လစောစောပိုင်းက သဘောထားစစ်တမ်းသုံးခု ကောက်ယူခဲ့ရာတွင် ထောက်ခံမှု ၅၂ ရာခိုင်နှုန်းရှိခဲ့သည်။

သမ္မတဘုရှ် ၂၀၀၁ ခုနှစ်က သမ္မတအဖြစ် တာဝန်ယူခဲ့ပြီးနောက် ထောက်ခံမှု ကျဆင်းနှုန်းသည် ၂၀၀၄ ခုနှစ်မေလတွင် ၄၆ ရာခိုင်နှုန်းရှိခဲ့သည်။

ဖလော်ရီဒါပြည်နယ်မှ တရားမမှုတစ်မှုတွင် သမ္မတဘုရှ် ပါဝင်ပတ်သက်ခဲ့မှုသည် ၇ ရာခိုင်နှုန်း ကျဆင်းရသည် အကြောင်းရင်းဖြစ်နိုင်သည်ဟု ဂေါအပ်အဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ယူဂန္ဓာတွင်မမှန်မကန် ငါးဖမ်းမှုများကို စစ်ဆင်ရေးအသွင်ဖြင့် နှိမ်နင်း

ကမ်ပါလာ မတ် ၃၀

မမှန်မကန် ငါးဖမ်းမှုစောင့်ကြပ်ကြည်ရှုရေးနှင့် ထိန်းချုပ်ရေး အစီအစဉ်အရ အာဖရိကဒေသရှိ ဝိတိုရိယရေကန်ဝန်းကျင်နိုင်ငံများ ပူးပေါင်းကာ ငါးဖမ်းလုပ်ငန်းများကို စစ်ဆင်ရေးအသွင်ဖြင့် ကြပ်မတ်ထိန်းချုပ်ခဲ့ကြောင်း ယူဂန္ဓာရေဒီယိုက သတင်းဖော်ပြခဲ့သည်။

ယခုပြုလုပ်သော စောင့်ကြပ်ကြည်ရှုထိန်းချုပ်ရေး အစီအစဉ်သည် ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်သော အစီအစဉ်ဖြစ်၍ အတွေ့အကြုများကို ဖလှယ်ခွင့်ရကြမည်ဖြစ်ပြီး ရေကန်ကြီးနှင့် ဝန်းကျင်ဒေသနိုင်ငံများအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း အစီအစဉ် ညှိနှိုင်းရေးမှူး ညမူတေးပရာဆစ်က ပြောကြားသည်။

ပရာဆစ်သည် ကမ်ပါလာဒေသ ငါးလုပ်ငန်းအရာရှိတစ်ဦးလည်း ဖြစ်သည်။ ၎င်းကဒေသအတွင်းရှိ ငါးလုပ်ငန်းလုပ်ကိုင်သူများကို မမှန်မကန်နည်းလမ်းများ အသုံးပြု၍ ငါးဖမ်းခြင်းမပြုကြရန် သတိပေးထားခဲ့သည်။

စောင့်ကြပ်ကြည်ရှုရေး အစီအစဉ်အရ ဆောင်ရွက်ရာတွင် ငါးလုပ်ငန်းနည်းနာပိုင်းဆိုင်ရာမှ ကျွမ်းကျင်သူများပါ ပါရှိသကဲ့သို့ လုံခြုံရေးအပိုင်းမှ ပုဂ္ဂိုလ်များလည်း ပါဝင်ကြီးကြပ်ကြသည်အတွက် တရားမဝင်နည်းလမ်းများကို ထိရောက်စွာ ဟန့်တားလိုက်သကဲ့ရှိကြောင်း ရဲတပ်ဖွဲ့မှ အရာရှိ ဘင်နာဒစ်အိုဒွန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ခုခံရေးသမားအုပ်စုက အာရပ်ယာဉ်မောင်းသုံးဦးကို အီရတ်တွင်သတ်ဖြတ်

ဒူဘိုင်း မတ် ၃၀

အန်ဆာအယ်လ်ဆွန်နာ အီရတ်ခုခံရေးသမားအုပ်စုက အာရပ်ယာဉ်မောင်းသုံးဦးတို့အား အီရတ်နိုင်ငံတွင် ပစ်သတ်ခဲ့ပြီး ၎င်းတို့အား ပစ်သတ်ခဲ့ပုံရိုက်ကူးထားသည့် ဗီဒီယိုအခွေကို အင်တာနက်မှ အဂါနေ့တွင် ထုတ်လွှင့်ပြသသည်။ အဆိုပါ ယာဉ်မောင်းများသည် ဂျော်ဒန်ကုမ္ပဏီတွင် လုပ်ငန်းလုပ်ကိုင်နေသူများဖြစ်သည်။

ယင်းကုမ္ပဏီသည် ကုန်ပစ္စည်းများကို အမေရိကန် တပ်ဖွဲ့များထံသို့ ပို့ဆောင်ပေးနေသည် ကုမ္ပဏီဖြစ်သည်ဟု ဗီဒီယိုတွင် ဖော်ပြထားသည်။

ယင်းလုပ်ငန်း လုပ်ကိုင်မှုအပေါ် နောင်လုပ်ငန်းများ မလုပ်စေရန် မိမိအနေဖြင့် လူတိုင်းကို အကြပေးလိုကြောင်း ဝက်ဘ်ဆိုက်တွင် ပြသသည်။

တိုက်ခိုက်

မိမိလုပ်ကိုင်ခဲ့သမျှ နောင်တရမိကြောင်းဖြင့် အခြားဓားစာခံတစ်ဦးက ပြောကြားသည်။ ယင်းဗီဒီယိုအခွေစစ်မှန်မှု ရှိ၊ မရှိ ရုတ်ခြည်းအားဖြင့် စစ်ဆေးရခြင်းမရှိသေးပေ။ ရဲရင့်သည် စစ်သားများက မွတ်စလင်များ၏ ဂုဏ်သိက္ခာ ကာကွယ်စောင့်ရှောက်နေချိန်ဝယ် ဘာသာနှင့် ဂုဏ်သိက္ခာအား လောကီအကျိုးစီးပွားအတွက် ကျူးကျော် တိုက်ခိုက်သူများ၏ ခြေရင်းဝယ်ကျွန်ခံရင်းဖြင့် ရောင်းစားနေကြကြောင်း ယင်းတိပ်ခွေ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဆွန်နီခုခံရေးအဖွဲ့ တစ်ခုဖြစ်သည် အန်ဆာအယ်-ဆွန်နာ အုပ်စုသည် အီရတ်တွင် ဓားစာခံများအား တိုက်ခိုက်သတ်ဖြတ်ခဲ့သည်ဟု တာဝန်ယူပြောကြားခဲ့သည်အဖွဲ့ ဖြစ်သည်။

အင်တာနက်။

မီးလောင်ကျွမ်း

အီရတ်နိုင်ငံ ဘေဂျီမြို့အနီးတွင် ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်ကျွမ်းလျက်ရှိသည်ကို မတ် ၂၈ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တောင်ပိုင်းတွင် ကားဗုံးပေါက်ကွဲ လူခုနစ်ဦးသေ၊ ကိုးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၃၀

ဘဂ္ဂဒက်တောင်ပိုင်းဒေသသို့ ခရီးသွားကြသည့် ရှီးယိုက်ဘုရားဖူးများအနီး ကားဗုံးပေါက်ကွဲမှု တနလံာနေ့က ဖြစ်ပွားရာ လူခုနစ်ဦးသေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်။

အသေခံ ကားဗုံးဖောက်ခွဲသူတစ်ဦးက ကာဘာလာမြို့သွားရာ လမ်းမပေါ်တွင် ကားဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း အစ္စကန်ဒါရီယာမြို့ရှိ ရဲတပ်ဖွဲ့ကပြောကြားသည်။ ကာဘာလာမြို့သည် ရှီးယိုက်မွတ်စလင်များ၏ အထွတ်အမြတ်ထားရာ ဘာသာရေးမြို့ဖြစ်ပြီး ရာပေါင်းများစွာသော ဘုရားဖူးများ ရောက်ရှိနေကြသည်။

လွန်ခဲ့သည် နှစ်နှစ်အချိန်မှစ၍ ဆွန်နီဦးဆောင်သည် တိုက်ခိုက်ရေးသမားများက ရှီးယိုက်များအား မကြာခဏ ပစ်မှတ်ထား၍ အီရတ်နိုင်ငံအတွင်း တိုက်ခိုက်လျက်ရှိကြသည်။ ကာဘာလာနှင့် ဘဂ္ဂဒက်မြို့များတွင် လွန်ခဲ့သည်နှစ်အတွင်း ဘုရားဖူး ၁၃၀ ကျော် အသေခံ ကားဗုံးဖောက်ခွဲမှုကြောင့် သေဆုံးခဲ့ရသည်။

အီရတ်ရဲတပ်ဖွဲ့က ကာဘာလာမြို့ဝန်းကျင်အား လွန်ခဲ့သည့်ရက် သတ္တပတ်အတွင်း လုံခြုံရေး အခြေအနေကို တင်းကျပ်ထားခဲ့သည်။

အစဉ်အလာအားဖြင့် ရှီးယိုက်မွတ်စလင်ဘုရားဖူးတို့သည် ၎င်းတို့နေထိုင်ရာမြို့များမှ ကာဘာလာမြို့သို့ လမ်းလျှောက်သွားကြသည်။

ယင်းသို့ သွားရာတွင် ဘဂ္ဂဒက်တောင်ပိုင်း "မရဏတြိဂံ" ဒေသမှ ဖြတ်သန်းသွားရသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်တပ်ဖွဲ့ဝင်များက ရာမာဒီတွင် ညမထွက်ရအမိန့်ထုတ်ပြန်

ဖလူးဂျာ(အီရတ်) မတ် ၃၀

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်တွင် တင်းမာမှုများ မြင့်တက်နေစဉ် အမေရိကန်တပ်ဖွဲ့ဝင်များက တည်ငြိမ်မှုမရှိသည့် ရာမာဒီမြို့တွင် ညမထွက်ရအမိန့် အဂါနေ့က ထုတ်ပြန်လိုက်ကြောင်းဖြင့် ပြည်နယ်တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

အမိန့်ထုတ်ပြန်

အမေရိကန်တပ်ဖွဲ့ဝင်များက ရာမာဒီမြို့နှင့်အနီးတဝိုက်ဒေသများတွင် ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့ပြီး ယင်းမြို့နှင့်အနီးတဝိုက်တွင် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားရှိခဲ့ကြောင်း အန်ဘာပြည်နယ် အုပ်ချုပ်ရေးမှူးရုံးမှ အတွင်းရေးမှူး အယ်လ်ဒူလိုင်မီက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်က ရာမာဒီမြို့ လုံခြုံရေးအစီအစဉ် ချမှတ်မှုကိစ္စနှင့် ပတ်သက်၍ ဝေဖန်ပြောကြားမှုမရှိပေ။ ယင်းအချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့်ပြောက်ကျားများသည် ဘဂ္ဂဒက်အနောက်ဖက် ကီလိုမီတာ ၁၆၀ အကွာရှိ ဟစ်မြို့တွင် ပြင်းထန်သည့် တိုက်ခိုက်မှုများဖြစ်ပွားနေကြောင်း အမေရိကန်စစ်သုံး ဟမ်ဗီးယာဉ်တစ်စီးပျက်စီးသွားပြီး ပြောက်ကျားနှစ်ဦး သေဆုံးခဲ့ကြောင်း ဒူလိုင်မီက ပြောကြားသည်။

တွန်းလှန်

အန်ဘာပြည်နယ်ဆိုင်ရာကောင်စီက အုပ်ချုပ်ရေးမှူးဟောင်း အယ်လ်ဂျီယတ်အား ပြန်လည် ရွေးကောက်တင်မြောက်ကြောင်း ဒူလိုင်မီက ပြောကြားသည်။ ရာမာဒီ၊ ဖလူးဂျာနှင့်ဟစ်မြို့တို့ပါဝင်သည် အန်ဘာပြည်နယ်သည် ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်သစ်များအား တွန်းလှန်တိုက်ခိုက်နေသည်ဒေသဖြစ်နေသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘူဂေးရီးယား တပ်ဖွဲ့ဝင် သေဆုံးရမှု စုံစမ်းစစ်ဆေး

ဆိုဖီယာ မတ် ၂၉

အီရတ်နိုင်ငံရှိ ဘူဂေးရီးယားတပ်ဖွဲ့မှ အထက်တန်းအရာရှိအားပြစ်ဒဏ်ပေးမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက တနလံာနေ့တွင် ပြောကြားလိုက်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များက ဘူဂေးရီးယား တပ်ဖွဲ့ဝင်တစ်ဦးအား သတ်ဖြတ်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များက တပ်ကြပ်ကြီးဂါဒီဂါဒက်ကို မတ် ၄ ရက်တွင် မတော်တဆပစ်ခတ်၍ သေဆုံးမှုအတွက် ဘူဂေးရီးယားအစိုးရက ပြစ်တင်ပြောကြားလျက်ရှိသည်။ သို့ရာတွင် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်မှု အားနည်းချက်ရှိခဲ့သည်မှာ အကြောင်းတစ်ရပ်ဖြစ်နေကြောင်း ပြောကြားသည်။

အီရတ်ရှိ ဘူဂေးရီးယား အထက်တန်းကိုယ်စားလှယ် ဗိုလ်မှူးကြီး ချက်ပီစကီးသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် တာဝန်ရှိခဲ့ကြောင်း၊ သို့ရာတွင် ချက်ပီစကီးအား ပြန်ခေါ်ယူရန်၊ သို့တည်းမဟုတ် အပြစ်ပေးမှုသည် ပစ်ခတ်မှုနှင့် ဆက်သွယ်မှု ရှိ၊ မရှိ ပြောကြားရန် ကာကွယ်ရေးဝန်ကြီး ဆဗီနာရောဗ်က ငြင်းဆိုသည်။

ချက်ပီစကီး၏နေရာ၌ ခြေလျင်တပ်ရင်း တပ်မှူးဟောင်းဖြင့် အစားထိုးမည်ဟု ဒေသခံမီဒီယာ သတင်းဌာနများက တနလံာနေ့က ရေးသားဖော်ပြကြသည်။

ဘူဂေးရီးယားတပ်ကြပ်ကြီး ဂါဒီဂါဒက် သေဆုံးမှုကြောင့် ဘူဂေးရီးယားအစိုးရအနေဖြင့် ယင်း၏တပ်ဖွဲ့ဝင်များအား နွေရာသီရွေးကောက်ပွဲ မကျင်းပမီ အီရတ်မှ ပြန်လည်ရုပ်သိမ်းရေးအတွက် ဘူဂေးရီးယားအစိုးရအား ဖိအားပေးမှု ပိုမိုများပြားလာပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘာကူဘာမြို့မြောက်ဘက်တွင် တိုက်ခိုက်ခံရမှုကြောင့် မီးလောင် ပျက်စီးသွားသော လော်ရီကားတစ်စီးကို မတ် ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အတိတ်သမိုင်းက လမ်းပြညွှန် တပ်မတော်၏ အနာဂတ်တာဝန်

ခြင်ကျား (မအူပင်)

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ မြန်မာနိုင်ငံအား နယ်ချဲ့နှင့်ဖက်ဆစ်တို့သည် လက်နက်နှင့်စစ်အင်အားကို အသုံးချပြီး မြန်မာနိုင်ငံအား ကျွန်ပြုစိုးမိုးခဲ့သည်။ ထို့ကြောင့် အမျိုးသားလွတ်မြောက်ရေးအတွက် မျိုးချစ်နိုင်ငံရေးသမားလူငယ်များပါဝင်သည့် မြန်မာ့တပ်မတော်ကို ဖွဲ့စည်းပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့ရလေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် လက်တစ်ကမ်းအလိုတွင် လွတ်လပ်သော မြန်မာနိုင်ငံအတွက် အုပ်ချုပ်မည့် အစိုးရလိုအပ်လာလေပြီ။ ထိုကာလ၌ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာ သီးခြားထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဧပြီလ ၇ ရက် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲစာရင်းတွင် အထွေထွေ (သီးခြားလူမျိုးစုမဟုတ်) ၁၈၂ ဦး၊ အင်္ဂလိပ်မြန်မာ (ကပြား) လေးဦး၊ ကရင် ၂၄ ဦး၊ ရှမ်း ၂၃ ဦး၊ ကချင် ခုနစ်ဦး၊ ချင်းခုနစ်ဦး၊ ကရင်နီ (ကယား)နှစ်ဦးနှင့် အခြားတောင်တန်းသားခြောက်ဦး စုစုပေါင်း ၂၅၅ ဦးဟု ဖော်ပြထားသည်။ ရွေးကောက်ပွဲအတွက် အမတ် ၂၅၅ နေရာတွင် လူမျိုးစုများအတွက် ၄၅ နေရာကို ချန်လှပ်၍ ကျန်နေရာ ၂၁၀ အတွက် ရွေးကောက်တင်မြှောက်ကြရသည်။ ဖဆပလအဖွဲ့ချုပ်ကြီးက ၉၅ ဒသမ ၃ ရာခိုင်နှုန်း ရွေးကောက်တင်မြှောက်ခံရသည်။ တပ်မတော်သည်ကား နိုင်ငံတော် လုံခြုံရေးနှင့် အမျိုးသားကာကွယ်ရေးကိုသာ သီးသန့်ထမ်းဆောင်ခဲ့သည်။

ဖဆပလအဖွဲ့မှ သခင်စိုးခေါင်းဆောင်သော ကွန်မြူနစ်ပါတီ(ဗမာပြည်) က ၁၉၄၇ခုနှစ် ဇန်နဝါရီလ အတွင်းတွင် တောခိုသွားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သခင်သန်းထွန်း ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည်လည်း ၎င်းတို့ကို သံယောဇဉ်ရှိသော ရဲဘော်ဖြူတို့နှင့်အတူ သောင်းကျန်းသူအဖြစ် တောခိုသွားကြသည်။

တိုင်းပြည်လွတ်လပ်ရေးရပြီး အချိန်တိုအတွင်း အာဏာရ ဖဆပလနှင့် အလံဖြူ၊ အလံနီ၊ ကွန်မြူနစ်စသည့် နိုင်ငံရေးပါတီများသည်လည်းကောင်း၊ အစိုးရနှင့် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီ အဖွဲ့အစည်းများသည်လည်းကောင်း စိတ်ဝမ်းကွဲပြားကာ အာဃာတများထားရှိလာကြသည်။

ဖဆပလအစိုးရသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာ သီးသန့်ထမ်းဆောင်နေသော တပ်မတော်ကို ထိုစဉ်က တိုင်းပြည် မတည်မငြိမ်ဖြစ်ပွားနေသဖြင့် ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေ လုံခြုံရေးကိုပါ တာဝန်ယူပေးရန် မေတ္တာရပ်ခံခဲ့ရသည်။ တပ်မတော်သည် နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော် လုံခြုံရေးတာဝန်ကို ဝင်ရောက် ထမ်းဆောင်ပေးခဲ့သည်။ ထိုသို့ထမ်းဆောင်ရာတွင် တပ်မတော်သားများ၏ အသက်သွေးချွေးမြောက်မြားစွာစတေးခဲ့ရသည်။

ထို့ပြင် တရုတ်ဖြူကူမင်တန်တပ်များကလည်း ပြည်ပနိုင်ငံကြီးတစ်နိုင်ငံ၏ အားပေးကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ၏ပိုင်နက် နယ်မြေများကို ဝင်ရောက်ကျူးကျော်ခဲ့ကြပြန်သည်။ မြန်မာ့တပ်မတော်သည် ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အထိ ပြည်ပ ကျူးကျော်ရေးသမား ကူမင်တန်တရုတ်ဖြူများအား စစ်ဆင်ရေးကြီးများ ဆင်နွှဲကာ တိုက်ခိုက်ချေမှုန်းခဲ့ရသည်။

တိုင်းရင်းသားပေါင်းစုံပါဝင်သော တပ်မတော်၏ အားထုတ်ကြိုးပမ်းမှုကြောင့် ဖဆပလအစိုးရသည် မငြိမ်မသက်ဖြစ်နေသော အဓိကမြို့ကြီးများနှင့် အချက်အချာကျသော ဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည် ထိန်းသိမ်းနိုင်ခဲ့သည်။ ၁၉၅၃ ခုနှစ်ခန့်၌ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အနည်းငယ်မျှသော ဒေသအချို့မှအပ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြန်လည်ထူထောင်နိုင်ခဲ့သည်။

ထို့နောက် အာဏာရဖဆပလအဖွဲ့ကြီးသည် ဦးနုနှင့် သခင်တင်ခေါင်းဆောင်သည့် (နု–တင် ဖဆပလ) နှင့် ဦးဘဆွေနှင့် ဦးကျော်ငြိမ်းတို့ခေါင်းဆောင်သည့် (ဆွေ–ငြိမ်း ဖဆပလ)ဟူ၍ နှစ်ခြမ်းကွဲခဲ့ကြသည်။ နုတင်တို့က သန့်ရှင်းရေးကို ထင်ရှားစေလို၍ သန့်ရှင်းဖဆပလဟု ခေါ်သည်။ ဆွေငြိမ်းတို့က ဖဆပလအခွန့်ရှည်စွာတည်မြဲရေးကို ရည်စူး၍ တည်မြဲဖဆပလဟု ခေါ်တွင်သည်။

ထိုကာလတွင် တပ်မတော်က နောက်ကြောင်းကိုထောက်ထား၍ ညီညွတ်ကြရန် ဖဆပလအဖွဲ့ကြီး မကွဲမီကပင် မေတ္တာရပ်ခံခဲ့သည်။ ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲကြသောအခါ တရားဥပဒေနှင့် အခြေခံဥပဒေဘောင်အတွင်း၌သာ အေးချမ်းစွာဖြေရှင်းကြရန် မေတ္တာရပ်ခံသည်။ သွေးထွက်သံယို အကြမ်းဖက်မှုကျူးလွန်သည့် မည်သည့်အုပ်စုကိုမဆို တပ်မတော်က ထိရောက်စွာနှိမ်နင်းမည်ဟုလည်း သတိပေးခဲ့ရဖူးသည်။

သို့ရာတွင် အကွဲကွဲအပြားပြား ဖြစ်နေသော နိုင်ငံရေးသမားအုပ်စုများသည် ၎င်းတို့အာဏာရရှိရေးကိုသာ ရှေ့တန်းတင်ပြီး ခါးပိုက်ဆောင်တပ်များ မွေးမြူထားခဲ့ကြသည်။ အဆုံးစွန်ဆိုရလျှင် ၁၉၅၈ခုနှစ် နိုဝင်ဘာလ၌ ရွေးကောက်ပွဲကျင်းပပါက သွေးချောင်းစီးစေမည့် ဖြစ်ရပ်များဖြစ်ပွားနိုင်သည်အထိ တစ်ဖက်နှင့်တစ်ဖက် အာဃာတကြီးမားခဲ့ကြသည်။

ထို့ကြောင့် ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ဦးနုသည် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ၎င်း၏အမာခံများနှင့် အကြိတ်အနယ် ဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲ၌ ၁၉၄၈–၁၉၄၉ ခုနှစ် ပြည်တွင်း သောင်းကျန်းမှုကို နှိမ်နင်းခဲ့သော တပ်မတော်၏ စွမ်းရည်မှာ အံ့မခန်းဖြစ်ကြောင်း၊ တပ်မတော်အား အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူစေ၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးအတွက် အုပ်ချုပ်မှုအာဏာ ယာယီလွှဲပြောင်းပေးသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာလ ၂၆ ရက်နေ့ ညပိုင်းတွင် ဦးနုသည် တပ်မတော်အား အိမ်စောင့်အစိုးရအဖြစ်တာဝန်ယူစေ၍ တပ်မတော်အကြီးအကဲအား ဝန်ကြီးချုပ်အဖြစ် တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည်။ အိမ်စောင့်အစိုးရက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးမည်ဟု ကြေညာခဲ့သည်။

တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူ၍ ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။ ထိုရွေးကောက်ပွဲ၌ သန့်ရှင်းဖဆပလက အနိုင်ရရှိသွားခဲ့သည်။ တပ်မတော်သည် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူရသော အချိန်တိုကာလ၌ပင် နိုင်ငံရေးအစိုးရများ မစွမ်းဆောင်နိုင်ခဲ့သော ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်ပေးခဲ့နိုင်သည်။

၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်က ဝန်ကြီးချုပ်အဖြစ် ဦးနုကို ရွေးကောက်တင်မြှောက်ခဲ့သည်။ သန့်ရှင်းဖဆပလကို ပြည်ထောင်စုပါတီ(ပထစ)ဟု ပြန်ဖွဲ့စည်းကာ ပါလီမန်ဒီမိုကရေစီ ထွန်းကားရေးအတွက် ပါတီစုံပါဝင်သော ကော်မတီဖွဲ့ခဲ့သည်။ သို့ရာတွင် ပထစအတွင်း၌ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ကြသည့် “ဗိုလ်”၊ တက္ကသိုလ်ဘွဲ့ရ အရာရှိဟောင်းနှင့် ရှေ့နေများ ပါဝင်သော “ဦး”၊ သခင်ဘဝမှစ၍ နိုင်ငံရေးကြိုးပမ်းသည်ဆိုသော “သခင်” ဟူ၍ အုပ်စုများ ကွဲခဲ့ကြပြန်သည်။

၁၉၆၁ ခုနှစ်တွင် ရှမ်းပြည်နယ်မှ စော်ဘွားများက ပင်လုံစာချုပ်ပါ အချက်အလက်ကို ထောက်ပြ၍ ခွဲထွက်ခွင့်နှင့် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုသည့် ဖက်ဒရယ်စာတမ်း ထွက်ပေါ်လာသည်။ အာဏာမစွန့်လိုသော စော်ဘွားများက ဦးဆောင်ရေးဆွဲခဲ့ခြင်းဖြစ်ပြီး အာဏာရ ပထစအစိုးရအင်အားချည့်နဲ့နေချိန်နှင့် ပြည်တွင်းသောင်းကျန်းမှုကို အခွင့်ကောင်းယူကာ ပြည်ထောင်စုပြိုကွဲအောင် ဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်သည်။

၁၉၆၂ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များ အသံလွှင့်ရုံ၌ ပြည်နယ်နီးနှောဖလှယ်ပွဲကို ကျင်းပခဲ့သည်။ ပြည်နယ်နီးနှော ဖလှယ်ပွဲ၌လည်း ရှမ်းပြည်နယ်ဘက်က ဖက်ဒရယ်မူကိုတင်သည်။

ယင်းသို့ တင်သွင်းတောင်းဆိုထားသော ဖက်ဒရယ်မူကိုအစိုးရက လိုက်လျောသည်ဖြစ်စေ၊ မလိုက်လျောသည်ဖြစ်စေ ပြည်နယ်တစ်ခုက ပြည်ထောင်စုမှ ခွဲထွက်ပြီး “ဆီးတိုး” စစ်အုပ်စု အတွင်းဝင်ရောက်ရန် ရေးဆွဲထားသော လျှို့ဝှက်စာတမ်းတစ်စောင်ကို ဖေဖော်ဝါရီ ၂၈ရက်နေ့တွင် ဦးကျော်ငြိမ်းက ဦးနုအား ပေးအပ်ခဲ့သည်။ (SEATO သည် အရှေ့တောင်အာရှနိုင်ငံ စာချုပ်အဖွဲ့ဖြစ်၍ ၁၉၅၄ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်နိုင်ငံ၏ ကမကထ ပြုမှုဖြင့် ပေါ်ပေါက်လာသော အဖွဲ့အစည်းဖြစ်သည်။ ကွန်မြူနစ်တို့အာဏာ ရရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထိန်းချုပ်ရန် ရည်ရွယ်၍ဖွဲ့စည်းထားခြင်းဖြစ်သည်။)

ထိုအချိန်က မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော နိုင်ငံခြားရေးမူဝါဒသည် ကြားနေရေးမူဝါဒဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် စာချုပ်တစ်ရပ် ချုပ်ဆိုထားသည်။ ပြည်နယ်တစ်ခုက ဤသို့ ပြည်ထောင်စုမှ ခွဲထွက်၍ ဆီးတိုးထဲ ဝင်ရောက်ခဲ့ပါက ပြည်ပစစ်ကို ဖိတ်ခေါ်သကဲ့သို့ဖြစ်ကာ မြန်မာနိုင်ငံအနေဖြင့် စစ်ဘေးဒုက္ခနှင့်ရင်ဆိုင်ရပေတော့မည်။ တစ်နည်းအားဖြင့် ကိုလိုနီလက်သစ်တို့၏ ဝင်ရောက်ကျူးကျော်စွက်ဖက်မှု အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေပေမည်။

၁၉၆၂ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အထက်ပါ နိုင်ငံရေးအကျပ်အတည်းနှင့် ပြည်ထောင်စု ပြိုကွဲမည့်အန္တရာယ်တို့ကြောင့် တပ်မတော်က လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ တော်လှန်ရေး ကောင်စီကို ဖွဲ့စည်းကာ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရသည်။

အလားတူ ၁၉၈၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အရေးအခင်းသည် ဒီမိုကရေစီ တောင်းဆိုမှု နောက်ကွယ်တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြိုကွဲစေရန် ကြံစည်မှုများပါရှိကြောင်း တွေ့ရမည်ဖြစ်သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့စွဲဖြင့် ဆူပူလှုပ်ရှားသူများက “၂၄ နာရီ ကြိုတင်သတိပေးကြေညာခြင်း” ဟူသော စာတစ်စောင်ကို လူထုအတွင်း ဖြန့်ဝေခဲ့ကြသည်။ ထိုစာတွင် တပ်မတော်မှ ဒုတိယကာကွယ်ရေး ဦးစီးချုပ်(လေ)နှင့် (ရေ) တို့၏ အမည်များကို လိမ်လည်ထည့်သွင်း လက်မှတ်အတု ရေးထိုးလျက် ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

ထိုလှုံ့ဆော်သတင်းနှင့် အချိန်ကိုက်၍ စက်တင်ဘာလ ၁၂ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် ရန်ကုန်မြို့ တောင်ဘက် ရေမိုင် ၁၉၀ ခန့်အကွာ လောင်ဂျီတွဒ် ၁၄ဒီဂရီ ၅၇မိနစ်၊ မြောက်လတ္တီတွဒ် ၉၆ဒီဂရီ၃၃ မိနစ် (မြန်မာ့ရေပိုင်နက်) ၌ အမေရိကန်ရေတပ်အုပ်စု ဝင်ရောက်နေကြောင်းကို ကြယ်ငါးပွင့် ကော်ပိုရေးရှင်းပိုင် အင်းဝသင်္ဘောက တွေ့ရှိခဲ့ရသည်။ ထိုအမေရိကန် ရေတပ်သင်္ဘောအုပ်စုတွင် သင်္ဘောအမှတ်–၄၃၊ ၁၁၅ နှင့် ၅ တို့ ပါဝင်ပြီး သင်္ဘောအမှတ်(၄၃)သည် သင်္ဘောငယ်နှစ်စင်းကို ရေချလော့ကျင့်နေကြောင်း တွေ့ရှိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ တပ်မတော်ဘက်မှ တာဝန်ရှိသူတို့က ထိုနိုင်ငံသံရုံးသို့ မေးမြန်းရာ ၎င်းတို့က အံ့ဩစွာဖြင့် ဟုတ်မှန်ပါကြောင်း၊ မြန်မာနိုင်ငံတွင်း အခြေအနေရှုပ်ထွေးလာပါက အမေရိကန်မိသားစုများနှင့် ၎င်းတို့နိုင်ငံသားများကို ကယ်တင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သည်။ သို့ရာတွင် အမေရိကန်သံရုံးမှ မိသားစုများအပါအဝင် အခြားသံရုံးများမှ မိသားစု ၂၆၇ ဦးတို့မှာ စက်တင်ဘာလ ၁၁ ရက်နေ့ကပင် မြန်မာနိုင်ငံမှ အထူးငှားလေယာဉ်ဖြင့် ထွက်ခွာသွားခဲ့ကြပြီးဖြစ်သည်။ သံရုံး၏အကြောင်းပြချက်မှာ ယုတ္တိမရှိသော အကြောင်းပြချက်သာ ဖြစ်နေကြောင်းတွေ့ရှိနိုင်ပေသည်။ တပ်မတော်က လက်မတင် ကြိုတင်သိရှိသဖြင့် လွတ်လပ်ရေး မဆုံးရှုံးအောင် ဟန့်တားကာကွယ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

မျက်မှောက်ခေတ်၌ အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ကျင့်သုံးနေသော ဒို့တာဝန်အရေးသုံးပါးသည် တပ်မတော်က တီထွင်သတ်မှတ်ခြင်းမဟုတ်ပေ။ မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်များက ဖွင့်ဆိုသတ်မှတ်ခြင်းသာ ဖြစ်ပေသည်။ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားသော တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ထိပါးစေမည့် အခြေအနေနှင့်ကြုံတိုင်းနိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကိုပါဝင်ရောက် ပခုံးပြောင်းထမ်းဆောင်ခဲ့ရပေသည်။

သမိုင်းက တောင်းဆိုခဲ့သော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးရန် တပ်မတော်တွင် တာဝန်ရှိလာသည်နှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ကူးပြောင်းရေးအတွက် စီးပွားရေး၊ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ ဦးတည်ချက်များကို ချမှတ်ဖော်ဆောင်ပေးခဲ့သည်။

တပ်မတော်သည် မူလကပင် နိုင်ငံရေးဦးတည်ချက်၌ အခြေခံဥပဒေနှင့်ပတ်သက်၍ အချက်နှစ်ရပ် ချမှတ်ထားသည်။ ထိုအချက်နှစ်ခုမှာ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းထောင်ချီကတည်းကပင် တိုင်းရင်းသားများသည် ပြည်ထောင်စုစနစ်ဖြင့် ရင်းနှီးချစ်ကြည်စွာ နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်ထောင်စု အခွန့်ရှည်စွာတည်တံ့ရေးကို အာမခံနိုင်သော အခြေခံဥပဒေဖြစ်ရပေသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို ပညာရှင် တစ်ဦး၊ တစ်ဖွဲ့၊ ပါတီတစ်ခုနှင့် ပါတီများကသာ တာဝန်ယူရေးဆွဲ၍ မဖြစ်နိုင်ပေ။ တိုင်းရင်းသားကိုယ်စားလှယ် အများစုပါဝင်သော အလွှာပေါင်းစုံက အမျိုးသားညီလာခံတည်းဟူသော ပြည်ထောင်စုကြီး၏ဆုံရပ်၌ စုစည်းပေါင်းစပ် ညှိနှိုင်းဆွေးနွေးဖော်ထုတ်ရမည်ဖြစ်သည်။

ထို့ကြောင့် တပ်မတော်သည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို စတင်တည်ဆောက်ခဲ့သည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်၍ ၁၉၉၂ ခုနှစ် ဧပြီလ ၂၈ရက်နေ့တွင် စစ်ဆင်ရေးများကို တစ်ပြည်လုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရပ်ဆိုင်းပေးခဲ့သည်။ အရေးယူခံထားရသော ပြစ်ဒဏ် ကျခံနေရသူများ အနက်မှ နိုင်ငံတော်၏ လုံခြုံရေးကို ထိခိုက်နိုင်ဖွယ် မရှိသူများအား ပြန်လွှတ်ပေးခဲ့သည်။

၁၉၉၂ ခုနှစ် မေလ ၂၈ ရက်နေ့တွင် “အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ” ကျင်းပရန် ခေါ်ယူသည့်အမိန့်၊ အမိန့်အမှတ် (၉/၉၂) ကိုထုတ်ပြန်ကြေညာခဲ့ပြီး အစိုးရကိုယ်စားလှယ် ၁၅ ဦးနှင့် တည်ဆဲပါတီများမှ ကိုယ်စားလှယ် ၂၉ ဦးတို့ကို ဆွေးနွေးညှိနှိုင်းမှုများပြုစေခဲ့သည်။ ၎င်းတို့၏ ဆွေးနွေးညှိနှိုင်းချက်များအရ အမျိုးသား ညီလာခံကျင်းပရေးကိုဖော်ဆောင်ပေးခဲ့သည်။

ထို့ပြင် အမျိုးသားညီလာခံကျင်းပရာတွင် အခြေခံရမည့် ဦးတည်ချက် (၆)ရပ်ကို ချမှတ်ပေးခဲ့သည်။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် အမျိုးသားညီလာခံကြီးကို စတင်ကျင်းပခဲ့ရာ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပင်လျှင် အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရခဲ့ကြသည်။

အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါဝင်ရမည့် အခြေခံမူ၁၀၄ချက် ချမှတ်အပြီးတွင် တစ်ဦးတစ်ယောက် တစ်ပါတီ၏ ပယောဂကြောင့် အမျိုးသားညီလာခံကြီးကို ယာယီဆိုင်းငံ့ထားခဲ့ရလေသည်။ ထိုကာလများတွင် တပ်မတော်သည် တစ်မျိုးသားလုံး လိုလားတောင့်တသည့် အမျိုးသားရေး ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ အနာဂတ်နိုင်ငံတော်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းတည်ဆောက်ပေးခဲ့သည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နယ်စပ်ဒေသအပါအဝင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးဒေသ ၂၄ ခု သတ်မှတ်၍ ဖွံ့ဖြိုးရေးဇုန်တည်ထောင်ခြင်း၊ တစ်နိုင်ငံလုံးကျယ်ပြန့်စွာ ဟန်ချက်ညီညီ ဖော်ဆောင်ပေးခဲ့သည်။ ဤကား အနာဂတ်နိုင်ငံတော်အတွက် ရုပ်ဝတ္ထုအခင်းအကျင်းများကို တပ်မတော်က မုဒိတာဖြင့် ဖော်ဆောင်ပေးနေခြင်းဖြစ်ပေသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် လိုအပ်သော အခြေခံ အဆောက်အအုံများကို တည်ဆောက်ပြီးချိန်တွင် တပ်မတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ ချောမွေ့စွာရောက်ရှိစေရန် အမျိုးသားရေးလမ်းပြမြေပုံဖြစ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ချမှတ်ပေးခဲ့သည်။ ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမဆုံးဖြစ်ပြီး အရေးအကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးအား တစ်ပိုင်းပြီး တစ်ပိုင်း အောင်မြင်စွာကျင်းပလျက်ရှိနေပေပြီ။

မြန်မာ့သမိုင်း၏ အတိတ်ဖြစ်စဉ်များကို လေ့လာလျှင် နိုင်ငံရေးအကျပ်အတည်း၊ စီးပွားရေးအကျပ်အတည်း၊ ပြည်ထောင်စု အကျပ်အတည်းနှင့် ကြုံလာတိုင်းကြုံလာတိုင်း တပ်မတော်သည် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအစဉ်အလာမှ အောင်အောင်မြင်မြင် ပါဝင်ထမ်းဆောင်ခဲ့ကြောင်း တွေ့ရှိနိုင်ပေသည်။

တပ်မတော်က တောင်းဆိုခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံ၏ အတိတ်ဖြစ်ရပ်များက လမ်းပြညွှန်သည့် တပ်မတော်၏အနာဂတ်တာဝန်ကား သမိုင်း၌ ထင်ရှားစွာ ပေါ်လွင်နေပေပြီ။ ထိုတာဝန်ကား အမျိုးသားညီလာခံကျင်းပရေး ဦးတည်ချက်ခြောက်ရပ်တွင် ပါဝင်သော အနာဂတ် မြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေး ဟူသော နိုင်ငံတော်က ပေးအပ်သည့် တာဝန်ပင်ဖြစ်ပါသတည်း။ ။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံတွင် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုပမာ ဆက်ဆံကြကာ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှုပြီး ကောင်းမွန်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြခဲ့

ကျော်ဇုံမှ

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဗြိတိန်ချမ်ရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယမိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆင်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ ဓောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များသည်အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နှာခေနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာဝတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယမိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍ အစမ်းအနှာမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနှာမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၇၃ ဦးတို့ တက်ရောက်လာကြသည် အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉.၁သမ္မတ၊ ၂ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာဝတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

လုပ်ငန်းစဉ်များရှင်းလင်း

ထိုနေ့ဘက် စုံညီအစည်းအဝေး အစီအစဉ်အရ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၊ ရာဒွ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် နိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဧဗေဖော်ဝါရီ ၁၇ရက်တွင် စတင်ပြီး ပြန်လည်ကျင်းပခဲ့ကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဒီဘာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်အနက် အမျိုးသားညီလာခံနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အမျိုးသားညီလာခံသို့ အင်တိုက်အားတိုက် တက်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသား

> **ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဆွေးနွေးတင်ပြကြသည့် အကြံပြုချက်များတွင် လုပ်ငန်းကော်မတီတို့၏ ရှင်းလင်းတင်ပြချက်များကို အကျေအလည်ဆွေးနွေးပြီး ကျိုးကြောင်းဖော်ပြ ထောက်ခံတင်ပြကြသကဲ့သို့ ဒီဘာဝန်အရေးသုံးပါး ပါဝင်သည့် အမျိုးသားညီလာခံ ဦးတည်ချက်ခြောက်ရပ်၏ မူဘောင်အတွင်းနှင့် အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူ ၁၀၄ချက်၏ မူဘောင်အတွင်းက မိမိတို့၏ အတွေ့အကြုံများအပေါ်တွင် မူတည်၍ သီးခြား အကြံပြုချက်များကိုလည်း အကျိုးအကြောင်းဖော်ပြလျက် တင်ပြထားကြ ကြောင်းကို လေလာတွေ့ရှိရ။**
>
> **အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ**
> **တရားသူကြီးချုပ် ဦးအောင်တိုး**

ညီလာခံတွင်လည်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုပမာဆက်ဆံကြကာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ရှေ့ရှုပြီး ကောင်းမွန်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ကြသည့်အတွက် ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်းကို ပဏာမ ပြောကြားလိုကြောင်း။

ကောက်နုတ်စုစည်းတင်ပြ

၂၀၀၄ခုနှစ် ဇွန် ၂၄ရက်မှ ဇူလိုင် ၉ရက်အထိ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် ဥပဒေရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဖတ်ကြား တင်ပြခဲ့ကြသည် အကြံပြုချက်များအပေါ် အလုပ်ကျသဘာဝတိအဖွဲ့က အလေးထားရှုမြင်ပြီး ၂၀၀၅ခုနှစ် ဧဗေဖော်ဝါရီ ၁၇ရက်၊ ၁၈ရက်နှင့် ၂၁ရက်တို့တွင် အလုပ်ကျသဘာဝတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို တင်ပြခဲ့ကြောင်း။

အလုပ်ကျ သဘာဝတိအဖွဲ့၏ ကောက်နုတ်စုစည်း တင်ပြချက်များအရ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုချက်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည်ကောင်းမွန်သင့်ဖြတ်သည့် အကြံပြုချက်များဖြစ်သည်ကို တွေ့ရှိရသည်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်၊ မသင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက သဘာဝတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ကြောင်း၊ သဘာဝတိအဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည်ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ စာဖြင့် တင်ပြခဲ့ကြကြောင်း။

ယင်းကဲ့သို့ တင်ပြခဲ့ကြသည် ညီလာခံကိုယ်စားလှယ် အများအပြား၏ အကြံပြုချက်များနှင့်အညီ ၂၀၀၅ခုနှစ် မတ် ၃ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ဥပဒေရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ထိုသို့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ခြင်းသည် ညီလာခံကိုယ်စားလှယ်များက အပြည်အဝ ယူဆပေါင်းဆောင်ရွက်ခဲ့ကြ၍ ပင်ဖြစ်ကြောင်း။

၂၀၀၅ခုနှစ် မတ် ၇ရက်နှင့် ၈ရက်တို့တွင် ကျင်းပခဲ့သည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခန်းများတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ကို ဖတ်ကြား တင်ပြခဲ့ကြောင်း။

အကြံပြုချက်စာတမ်းများတင်ပြ

လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုချက်စာတမ်းများကို ပြုစုပြီး ၂၀၀၅ခုနှစ် မတ် ၂ရက်မှ ၃ဝရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ရွေးကောက်ပွဲတွင်

> **အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယမိုလ်ချုပ်ကြီးသိန်းစိန် အစည်းအဝေးတက်ရောက်ကြောင်း၊ မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။** (သတင်းစဉ်)

ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၅ခုနှစ် မတ် ၂ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၅ခုနှစ် မတ် ၂၅ရက်တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌လည်းကောင်း၊ ဓောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၅ခုနှစ် မတ် ၂ရက်တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌လည်းကောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၅ခုနှစ် မတ် ၂၉ရက် တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌လည်းကောင်း၊ နိုင်ငံဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၅ခုနှစ် မတ် ၃ဝရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌လည်းကောင်း ဖတ်ကြား တင်သွင်းခဲ့ကြပြီး ဖြစ်ကြောင်း။

ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဆွေးနွေးတင်ပြကြသည် အကြံပြုချက်များတွင် လုပ်ငန်းကော်မတီတို့၏ ရှင်းလင်းတင်ပြချက်များကို အကျေအလည် ဆွေးနွေးပြီး ကျိုးကြောင်းဖော်ပြ ထောက်ခံတင်ပြကြသကဲ့သို့ ဒီဘာဝန်အရေးသုံးပါးပါဝင်သည့် အမျိုးသားညီလာခံ ဦးတည်ချက်ခြောက်ရပ်၏ မူဘောင်အတွင်းနှင့် အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူ ၁၀၄ချက်၏ မူဘောင်အတွင်းက မိမိတို့၏ အတွေ့အကြုံများအပေါ်တွင်မူတည်၍ သီးခြား အကြံပြုချက်များကိုလည်း အကျိုးအကြောင်းဖော်ပြလျက် တင်ပြထားကြကြောင်းကို လေလာတွေ့ရှိရကြောင်း၊ ယင်းအကြံပြုချက်များကို အလုပ်ကျသဘာဝတိအဖွဲ့ဝင်များက လေလာပြီး ကဏ္ဍအလိုက် ကောက်နုတ်စုစည်းကာ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြရန်ရှိကြောင်း။

ဓေတ္တရပ်နှာ

ယင်းကဲ့သို့ သဘာဝတိအဖွဲ့ဝင်များက လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ညီလာခံကိုယ်စားလှယ်များလည်း အားလပ်နေမည်ဖြစ်သည်အတွက်ကြောင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများသည် မိမိတို့ရပ်ဆိုင်ထားခဲ့ရသည် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်စေရန် အလိုဂုဏတစ်ကြောင်း၊ ရာသီဥတုကလည်း မူပြင်းလာပြီးဖြစ်သည်အတွက်ကြောင့်တစ်ကြောင်း၊ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုည်ကျသဘာဝတိအဖွဲ့ဝင်များကလည်း မိမိတို့၏ လေလာတွေ့ရှိချက်များကို စုစည်းပြုစုနိုင်ရေးအတွက်ကြောင့် တစ်ကြောင်းတို့ကြောင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့မှစတင်၍ ခေတ္တရပ်နှာထားကာ ယခုနှစ်မဂုနံမိ စိုက်ပျိုးရေးလုပ်ငန်းအချို့ကို ဆောင်ရွက်ပြီး၊ စီးပြီး လုပ်ငန်းများ ခေတ္တပါးသည်အချိန်တွင် အမျိုးသားညီလာခံကို ပြန်လည်ခေါ်ယူသင့်ပါကြောင်းကို တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကို ပြန်လည်ကျင်းပသည်အခါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည်မူများကို ညီလာခံကိုယ်စားလှယ်အများစု၏ ဆန္ဒနှင့်အညီ ချမှတ်သွားမည်ဖြစ်သည်အပြင်

စာမျက်နှာ ၈ ကော်လံ ၁ သို့

နောက်တစ်ကြိမ်ကျင်းပမည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် လွှတ်တော်များ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုအပိုင်းကို ဆွေးနွေးနိုင်ရန် တင်ပြမည်

❒ စာမျက်နှာ ၇ မှ

လွှတ်တော်များ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှု၊ နိုင်ငံတော် အကြီးအကဲနှင့် လွှတ်တော်များ ဆက်သွယ်မှုနှင့် လွှတ်တော်အသီးသီးတွင် ဥပဒေကြမ်းများ တင်သွင်းမှုတို့နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း။

ယခုဆိုလျှင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခန်းခေါင်းစဉ်များတွင် ဖွဲ့စည်းမှုအပိုင်း၊ အာဏာခွဲဝေမှုအပိုင်းနှင့် လွှတ်တော်များ လုပ်ငန်း ဆက်သွယ်ဆောင်ရွက်မှုအပိုင်း သုံးပိုင်းခွဲခြားပြီး အသေးစိတ်အခြေခံရမည်မူများကို ချမှတ်လျက်ရှိကြောင်း၊ ထိုအပိုင်းသုံးပိုင်းအနက် ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည်မူများ ချမှတ်ပြီးဖြစ်ကြောင်း၊ အာဏာခွဲဝေမှုအပိုင်းတွင် ပါရှိသည် ဥပဒေပြုရေးနှင့် စပ်လျဉ်းသည် အသေးစိတ် အခြေခံရမည်မူများကိုလည်း ချမှတ်ပြီးဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအတွက် အသေးစိတ်အခြေခံရမည်မူများချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုချက်များကို တင်ပြကြပြီးဖြစ်ကြောင်း၊ လွှတ်တော်များ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည်မူများကို ချမှတ်ရန်ရှိမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အသေးစိတ်အခြေခံရမည်မူများချမှတ်ပြီးပါက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခန်းခေါင်းစဉ်များအတွက် အသေးစိတ်အခြေခံရမည်မူများ ချမှတ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိအထက်က တင်ပြထားသည်အတိုင်း နောက်တစ်ကြိမ်ကျင်းပမည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် လွှတ်တော်များ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုအပိုင်းကို ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် တင်ပြမည်ဖြစ်ကြောင်း၊ ညီလာခံကိုယ်စားလှယ်များက အဆင်ပြေချောမွေ့စွာ အကြံပြုနိုင်ရေးအတွက် လုပ်ငန်းပမာဏကိုချင့်ချိန်ပြီး ကျန်အခန်းခေါင်းစဉ်များ၏ အစီအစဉ်အတိုင်း ခေါင်းစဉ်အချို့ကို လိုအပ်သကဲ့သို့ တင်ပြသွားရန် ရည်ရွယ်ထားကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အကြဉာဏ်ကောင်းများ ပေးနိုင်ရေးအတွက် ကြို့တင်လေ့လာသင့်သည် အကြောင်းအရာများကို ကြို့တင်လေ့လာထားကြပါရန် တိုက်တွန်းရင်း မိမိ၏တင်ပြချက်ကို နိုဂုံးချုပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

နိုဂုံးချုပ်အမှာစကားပြောကြား

ယင်းနောက် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများနှင့်တကွ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် သန့်စင်မွန်မြတ်လှသည် အမျိုးသားရေးတာဝန်များကို ဆတက်ထမ်းပိုး တိုးပြီးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါကြောင်း။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်ကစတင်ပြီး ကျင်းပလာခဲ့ကြသည် အမျိုးသားညီလာခံ အစည်းအဝေးကြီးသည် ယခုဆိုလျှင် နှစ်လနီးပါးခန့်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ဤကာလအတွင်းတွင် ကိုယ်စားလှယ်ကြီးများအနေဖြင့် တာဝန်သိသိ တက်ညီလက်ညီ ကြိုးပမ်းပါဝင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်အတွက် လုပ်ငန်းများ မျှော်မှန်းသည်ထက် ပိုပြီးအောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ကိုယ်စားလှယ်ကြီးများအားလုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်က ပေးအပ်လာသောတာဝန်ကို မငြီးမငြူကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကိုယ်စားလှယ်ကြီးများကို အထူးပင် ကျေးဇူးတင်ပါကြောင်းကို ပြောကြားလိုကြောင်း။

အောင်အောင်မြင်မြင်ချမှတ်နိုင်

ယခုတစ်ကြိမ်ကျင်းပသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီး၌ ပြီးခဲ့သော ၂၀၀၄ခုနှစ် မေ ၁၇ရက်မှ ဇူလိုင် ၉ရက်အထိ ကျင်းပခဲ့သည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ကိုယ်စားလှယ်ကြီးများ ထောက်ခံ ဆွေးနွေး အကြံပြုခဲ့ကြသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည်မူများကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ကြပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကအကျဆုံးဖြစ်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော ခက်မသုံးဖြာတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းသည် အလွန်မှ ခက်ခဲနက်နဲကျယ်ဝန်းပြီး ဝိဝါဒကွဲပြားစရာများများစွာရှိနိုင်ကြောင်း၊ သို့သော်လည်း ကိုယ်စားလှယ်ကြီးများအနေဖြင့် တစ်ဖွဲ့၊ တစ်ပါတီ၊ လူမျိုးတစ်မျိုး၏ အကျိုးထက် တိုင်းရင်းသားအားလုံး၏အကျိုး၊ ပြည်ထောင်စုကြီး၏အကျိုးကို ဦးစားပေးပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပိုင်းဝန်းထောက်ခံအကြံပြုခဲ့ကြသည်အတွက် ဥပဒေပြုရေးဆိုင်ရာ-

(၁) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊
(၂) နိုင်ငံခြားရေးကဏ္ဍ၊
(၃) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊
(၄) စီးပွားရေးကဏ္ဍ၊
(၅) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊
(၆) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊
(၇) စက်မှုလက်မှုကဏ္ဍ၊
(၈) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊
(၉) လူမှုရေးကဏ္ဍ၊
(၁၀) စီမံခန့်ခွဲရေးကဏ္ဍ၊
(၁၁) တရားစီရင်ရေးကဏ္ဍ

စသော ကဏ္ဍကြီး ၁၁ ရပ်၌ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည်သွင်းရမည် အသေးစိတ် အခြေခံရမည်မူများ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည်သွင်းရမည် အသေးစိတ်အခြေခံရမည် မူများနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း(သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထည်သွင်းရမည် အသေးစိတ်အခြေခံရမည်မူများကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း။

စာတမ်းများဖတ်ကြားတင်သွင်းခဲ့

ယခုကျင်းပသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီး၌ အထက်က မိမိတင်ပြခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည်မူများ ချမှတ်နိုင်ခဲ့ရုံသာမက ယခုဆိုလျှင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက်ပါ အသေးစိတ်အခြေခံရမည်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိတင်ပြချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည်မူများချမှတ်ရန် သင့်၊ မသင့်တို့ကို ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးအကြံပြုချက်အပေါ် အစုအဖွဲ့အလိုက် စာတမ်းများ ဖတ်ကြားတင်သွင်းခဲ့ကြပြီးဖြစ်ကြောင်း။

အချိန်ယူပြုစုရမည်

ညီလာခံကိုယ်စားလှယ်ကြီးများ ဖတ်ကြားတင်သွင်းသွားသည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ပတ်သက်ပြီး အသေးစိတ်အခြေခံရမည်မူများ ချမှတ်နိုင်ရန်အတွက် ညီလာခံကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးအကြံပြု တင်ပြချက်များကို အလှည်ကျသဘာပတိအဖွဲ့အနေဖြင့် အသေးစိတ်လေ့လာဖတ်ရှုပြီး စာတမ်းများ အချိန်ယူပြုစုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကစပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားမည်ဖြစ်ကြောင်း၊ မကြာခင်ရက်ပိုင်းအတွင်းတွင် နှစ်သစ်ကူးတော့မည်ဖြစ်ပြီး နှစ်သစ်ကူးပြီးသည်နှင့် ညီလာခံကိုယ်စားလှယ် တောင်သူလယ်သမားကြီးများအနေဖြင့် မိုးရာသီစိုက်ချိန်၊ ပျိုးချိန်ကို ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားကြီးများစိုက်ချိန်၊ ပျိုးချိန်မထိခိုက်စေရအောင်နှင့် ကျန်ရှိသည်ပုဂ္ဂိုလ်များလည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများမထိခိုက် မနှစ်နာစေရအောင် နောက်တစ်ကြိမ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၅ခုနှစ် နှစ်ကုန်ပိုင်းခန့်တွင် ပြန်လည်ကျင်းပသွားမည် ဖြစ်ကြောင်း။

ယခုအမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည်မူများ ချမှတ်နိုင်ရန် ဥပဒေပြုရေး၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ်ကြီးများအနေဖြင့် တစ်ဖွဲ့၊ တစ်ပါတီ၊ လူမျိုးတစ်မျိုး၏အကျိုးထက် တိုင်းရင်းသားအားလုံး၏အကျိုး၊ ပြည်ထောင်စုကြီး၏အကျိုးကို ဦးစားပေးပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပိုင်းဝန်းထောက်ခံအကြံပြုခဲ့။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများနှင့်ပတ်သက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များကို ညီလာခံကိုယ်စားလှယ်ကြီးများသာမက ပြည်သူတစ်ရပ်လုံးပါ သိရှိရအောင် နေ့စဉ်သတင်းစာ၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့၌ ထုတ်လွှင့်ပြသပေးခဲ့ခြင်းဖြစ်၍ ယခုအခါတွင် ပြည်သူများအနေ ဖြင့် စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီစနစ် ကျင့်သုံးမည့် အနာဂတ် မြန်မာနိုင်ငံတော်၏ အသွင်သဏ္ဌာန်ကို မှန်းဆ၍ ရနေကြပြီဖြစ်ကြောင်း။

သိရှိနေကြပြီ

စစ်မှန်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးမည့် အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ် (၇)ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၊ ပြည်ထောင်စုနယ်မြေများဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ အပြင် ပြည်ထောင်စုနယ်မြေများဖြစ်သည့် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်တို့အတွက် အုပ်ချုပ်ရေးလုပ်ငန်းများကို ရန်ကုန်မြို့တော်ကောင်စီက စီမံကွပ်ကဲ အုပ်ချုပ်သွားမည်ဖြစ်ကြောင်းကို သိရှိနေကြပြီဖြစ်ကြောင်း။

ယခုကိုယ်စားလှယ်အများအပြားက ဆွေးနွေးအကြံပြု တင်ပြခဲ့ကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက စိစစ်ပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ အတည်ပြုချက်ကိုရယူကာ နောက်တစ်ကြိမ် ကျင်းပမည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီး၌ အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသား ညီလာခံနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြသွားသည့်အတိုင်း နောက်တစ်ကြိမ် ကျင်းပမည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ လွှတ်တော်များ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုအပိုင်းအတွက် ဆွေးနွေးအကြံပြုရမည့် လုပ်ငန်းပမာဏကိုချင့်ချိန်ပြီး လိုအပ်လျှင် လိုအပ်သကဲ့သို့ ကျန်အခန်းခေါင်းစဉ်အချို့တို့နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ညီလာခံကိုယ်စားလှယ်ကြီးများ အလွယ်တကူ စဉ်းစားဆွေးနွေးအကြံပြုနိုင်အောင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိချက်များကို ချပြပြီး ညှိနှိုင်းဆွေးနွေးအတည်ပြု ဆုံးဖြတ်သွားကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပသွားနိုင်သည်နှင့်အမျှ ပြည်သူအများ လိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်သည်လည်း ပို၍ပို၍ နီးကပ်လာနေပြီဖြစ်ကြောင်း။

သုတ်သင်ချေမှုန်း

နိုင်ငံတော်အတွက် မိမိတို့၏ လက်တွေ့ကြိုးပမ်းဆောင်ရွက်ချက်များသည် အပြုသဘောဆောင်သည့် သမိုင်းတွင်ရစ်မည့် လုပ်ဆောင်ချက်များဖြစ်ကြောင်း၊ ယင်းကဲ့သို့ အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များနှင့် ယနေ့နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုများကို ဝမ်းသာဂုဏ်ယူပြီး ဝိုင်းဝန်းကူညီကြရမည့်အစား မုဒိတာမပွားနိုင်ကြဘဲ မလိုမုန်းထားစိတ်ဖြင့် ဘယ်သူသေသေ ငတေမာရင်ပြီးရော မင်းသားကြီး မလုပ်ရလျှင် ပတ်မကြီး ထိုးဖောက်မည်ဆိုသည့် ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို စက်ဆုပ်ရွံရှာမုန်းတီးနေကြသော ၅၄ သန်းကျော်သော ပြည်သူများနှင့်အတူ ဝိုင်းဝန်းဖယ်ရှား သုတ်သင်ချေမှုန်းသွားကြရမည်ဖြစ်ကြောင်း။

ဤညီလာခံကြီး အောင်မြင်ရေးအတွက် စီမံဆောင်ရွက်ခဲ့ကြသည့် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့မှ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်ကပေးအပ်လာသည့် တာဝန်ကို တာဝန်သိသိဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအား လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးကြသော ပြည်သူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးတို့မှ ဝန်ထမ်းများအားလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံမှ အကူအညီပေးခဲ့ကြသည့် ပုဂ္ဂိုလ်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က ပြန်လည်စတင်ကျင်းပခဲ့သည့် ယခုအမျိုးသားညီလာခံအပိုင်းသည် မကြာခင်တွင်ပင် အောင်မြင်စွာ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ အောင်မြင်စွာပြီးစီး၍ ညီလာခံခေတ္တရပ်နားချိန်တွင် ကိုယ်စားလှယ်ကြီးများ အနေဖြင့်လည်း မိမိတို့ နေရပ်ဒေသများကို ပြန်ကြတော့မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပြန်ကြရာတွင် ပို့ဆောင်ရေး၊ သွားလာရေး စသည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများ အစစအရာရာ အဆင်ပြေအောင် ကော်မရှင်အနေဖြင့် အဘက်ဘက်က ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကိုယ်စားလှယ်ကြီးများ သိရှိအောင် ရှင်းလင်းပြောကြားရမည်ဆိုလျှင် ကိုယ်စားလှယ်ကြီးများအနေဖြင့် ခရီးအနီးအဝေး၊ သယ်ယူပို့ဆောင်ပေးနိုင်မှု စသည့် အခြေအနေများအပေါ် မူတည်ပြီး ညီလာခံပြီးဆုံးသည့် ယနေ့မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဧပြီ ၁ ရက်တွင်လည်းကောင်း၊ ဧပြီ ၂ ရက်တွင်လည်းကောင်း ညောင်နှစ်ပင်စခန်းက ပြန်လည်ထွက်ခွာနိုင်အောင် စီစဉ်ထားရှိပါကြောင်း။

ကိုယ်စားလှယ်ကြီးများ မိမိတို့နေရပ်ဌာနေကို ပြန်ကြရာတွင်လည်း ကိုယ်စားလှယ်ကြီးများ၏ စိတ်တိုင်းကျ အဆင်အပြေဆုံးဖြစ်အောင် လေယာဉ်ဖြင့်သွားရမည့်နေရာကို လေယာဉ်ဖြင့်လည်းကောင်း၊ ရထားဖြင့်သွားရမည့်နေရာကို ရထားဖြင့်လည်းကောင်း၊ ကားဖြင့်သွားမှ အဆင်ပြေမည့်နေရာကို ကားဖြင့်လည်းကောင်း သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း။

လေယာဉ်နှင့် ရထားလက်မှတ်များကိုလည်း မတ် ၂၉ ရက် ညနေကတည်းက စတင်စီစဉ်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကားဖြင့်ပြန်ကြရမည့် ကိုယ်စားလှယ်ကြီးများအတွက်လည်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ သွားရောက်မည့် ခရီးစဉ်အသေးစိတ်ကိုလည်း သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီက ကိုယ်စားလှယ်ကြီးများကို အသိပေးထားပြီးဖြစ်၍ ယင်းအစီအစဉ်များအတိုင်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်များအတိုင်းသွားကြရာတွင် မလိုလားအပ်သော ချို့ယွင်းအားနည်းချက်များ မဖြစ်စေရေးအတွက် မော်တော်ယာဉ် ညခရီးစဉ်များကိုမူ ကန့်သတ်ထားကြောင်းကို အသိပေးလိုကြောင်း။

ထို့အပြင် မိမိတို့ ကိုယ်ပိုင်ယာဉ်များဖြင့် ပြန်ကြမည်ဆိုလျှင်လည်း ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ မိမိတို့၏ အဝတ်အစား စသည့် ပစ္စည်းများ သယ်ယူရာတွင်လည်း ပိုမိုလွယ်ကူအောင် မိမိတို့၏ ကိုယ်ပိုင်ယာဉ်များ၊ ပြည်နယ်၊ တိုင်းအလိုက် ယာဉ်များကို အိပ်ဆောင်အထိ ခေါ်ယူခွင့်ပြုမည်ဖြစ်ကြောင်း၊ သို့သော်လည်း စနစ်တကျရှိစေရေးနှင့် လုံခြုံရေးတို့အတွက် အိပ်ဆောင်အထိ ဝင်မည့် ကိုယ်ပိုင်ယာဉ်များ၊ ပြည်နယ်၊ တိုင်းအလိုက် ယာဉ်များသည် ယာဉ်အမှတ်၊ အမျိုးအစားတို့ကို စီမံခန့်ခွဲမှုကော်မတီထံတွင် တင်ပြခွင့်ပြုချက်ရယူပြီး စစ်ဆေးရေးဂိတ်၌ လုံခြုံရေးအတွက် စစ်ဆေးခံပြီးမှ ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်မြို့နှင့် ရန်ကုန်မြို့ဝန်းကျင်၌ နေထိုင်ကြသည့် ကိုယ်စားလှယ်များအနေဖြင့် ကော်မရှင်ကစီစဉ်ပေးသော ယာဉ်ဖြင့် စီးနင်းလိုက်ပါမည်ဆိုလျှင်လည်း စီးနင်းလိုက်ပါ နိုင်အောင်ပါ စီစဉ်ထားရှိကြောင်း။

ကိုယ်စားလှယ်ကြီးများ၊ လေယာဉ်၊ ရထားနှင့် ကားလမ်းဆုံးများသို့ ရောက်ရှိပြီးသည့် မိမိတို့နေရပ်ကို ခရီးဆက်ရာတွင်လည်း ခရီးစဉ် ချောမွေ့စေရန် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း အသီးသီးက ကူညီပံ့ပိုး ဆောင်ရွက်ပေးရန် ကော်မရှင်က မေတ္တာရပ်ခံအကြောင်းကြားထားပြီးဖြစ်ကြောင်း။

ကျန်းမာရေးမကောင်း၍ ဆေးရုံတက်ရောက် ကုသနေကြရသော ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိတို့ ကျန်းမာရေးကောင်းမွန်သက်သာ၍ မိမိတို့ဌာနေမိသားစုထံ ပြန်လိုပါကလည်း ပြန်နိုင်ကြပါကြောင်း၊ အကယ်၍ ကျန်းမာရေးမကောင်းသေးသည့်အတွက် ဆက်လက်ဆေးကုသမည်ဆိုလျှင်လည်း လက်ရှိ တပ်မတော်ဆေးရုံကြီးများ၌ပင် ဆက်လက်ကုသပေးထားမည်ဖြစ်ကြောင်း။

ညီလာခံကိုယ်စားလှယ်ကြီးများ၏ လုံခြုံရေးနှင့် ညီလာခံကြီးတစ်ခုလုံး လုံခြုံရေးအတွက် ကိုယ်စားလှယ်ကြီးများ ညောင်နှစ်ပင်စခန်းကို စရောက်သည့်အချိန်ကစပြီး ညီလာခံကိုယ်စားလှယ် စိစစ်ရေးကတ်နှင့် ညီလာခံရင်ထိုးတံဆိပ်တို့ကို ထုတ်ပေးထားခဲ့ကြောင်း၊ ယခုညီလာခံ ခေတ္တရပ်နားပြီး နေရပ်ပြန်ကြမည်ဖြစ်သည့်အတွက် ညီလာခံကိုယ်စားလှယ် စိစစ်ရေးကတ်ပြားများကို လုံခြုံရေးဆပ်ကော်မတီက အဆောင်များ၌ လိုက်လံသိမ်းဆည်းမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်ကြီးများ နောက်တစ်ကြိမ် ညီလာခံတက်ရန် ညောင်နှစ်ပင်စခန်းကို ပြန်ရောက်သည့်အခါမှ ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း။

ကိုယ်စားလှယ်ကြီးများကို တစ်ဆက်တည်းပြောကြားလိုသည်မှာ ကိုယ်စားလှယ်ကြီးများထံ ထုတ်ပေးထားသည့် အမျိုးသားညီလာခံ ရင်ထိုးတံဆိပ်သည်လည်း ကိုယ်စားလှယ်ကြီးများဖြစ်ကြောင်း တစ်နည်းတစ်ဖုံ သိသာအောင် လုံခြုံရေးအရ ဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် မပျောက်မပျက်အောင် ထိန်းသိမ်းထားရှိရန် မှာကြားလိုကြောင်း။

အဆင်ပြေချောမွေ့အောင်

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီး ခေတ္တရပ်နားပြီး နောက်တစ်ကြိမ် ပြန်လည်ကျင်းပသည့်အခါ ဖိတ်စာများ ကြိုတင်ပေးပို့မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖိတ်ကြားရာတွင်လည်း ဖိတ်ကြားစာများ ညီလာခံကိုယ်စားလှယ်ကြီးများထံ အိမ်တိုင်ရာရောက် ရောက်ရှိအောင် သွားရေး၊ လာရေး၊ ပို့ဆောင်ရေးကိစ္စများ အဆင်ပြေချောမွေ့အောင် ညှိနှိုင်းစီစဉ်ဆောင် ရွက်ပေးမည်ဖြစ်ကြောင်းကို ကြိုတင်အသိပေးလိုကြောင်း။

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စီမံခန့်ခွဲမှုပိုင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ယခုကျင်းပသည့် အမျိုးသားညီလာခံ၌ ၂၀၀၄ ခုနှစ် ညီလာခံကျင်းပစဉ်က တွေ့ရှိခဲ့ရသော အားနည်းချက်များကို သင်ခန်းစာယူပြီး ကိုယ်စားလှယ်ကြီးများ၏ နေထိုင်ရေး၊ သွားလာရေး၊ ရေ၊ မီး၊ အစားအသောက်၊ အားကစား၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေမှု၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် ဧည့်ဝတ်ကျေပွန်မှု စသည့် ကဏ္ဍအားလုံး၌ အကောင်းဆုံးနှင့် အဆင်ပြေဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ကိုယ်စားလှယ်ကြီးများကိုယ်တိုင်ကလည်း နိုင်ငံတော်နှင့် ညီလာခံ တာဝန်ရှိသူအားလုံးက အဘက်ဘက်မှ အလေးထား စီစဉ်ကြပ်မတ်ဆောင်ရွက်ပေးမှု၊ နေထိုင်ရေး၊ ချက်ပြုတ်ကျွေးမွေးဧည့်ခံရေး စသည့် ကဏ္ဍအသီးသီး၌ ဝန်ဆောင်မှုပေးနေကြသော လူငယ်များ၏ စေတနာ အရင်းခံဖြင့် မိမိတို့၏မိဘ၊ အစ်ကိုအစ်မများသဖွယ် သဘောထားပြုစုစောင့်ရှောက်မှုတို့ကို ခံစားတွေ့မြင်ပြီး တော်ရုံတန်ရုံ အားနည်းချက်များအပေါ် နားလည်ခွင့်လွှတ်ခဲ့ကြသည်ဟု မိမိတို့ ပြန်လည်ကြားသိခဲ့ရကြောင်း၊ ထို့ကြောင့်လည်း ယခုကျင်းပသည့် ညီလာခံကာလအတွင်းတွင် နေထိုင်စားသောက်ရေး စသော အုပ်ချုပ်မှုကိစ္စများ၌ အခက်အခဲ တစ်စုံတစ်ရာမရှိဘဲ၊ အစစအရာရာ အဆင်ပြေ ချောမွေ့ခဲ့ကြောင်းကို တွေ့ရှိရကြောင်း၊ နောင် ပြန်လည်ကျင်းပမည့် ညီလာခံများ၌လည်း ယခုညီလာခံကဲ့သို့ အဆင်ပြေချောမွေ့အောင်၊ ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ထားမည် ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ရသစုံပေးစွမ်း

ထို့အပြင် ကိုယ်စားလှယ်ကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နေ့စဉ်ထုတ်ဝေနေသည့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖❖

မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီး ထိုးဖောက်မည်ဆိုသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို ၅၄ သန်းကျော်သော ပြည်သူများနှင့်အတူ သုတ်သင်ဖယ်ရှား

ယခုကဲ့သို့ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အဆင်ပြေချောမွေ့ရုံသာမက ကိုယ်စားလှယ်ကြီးများ၏ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး အမြော်အမြင်ကြီးမားစွာဖြင့် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးပါလှသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံမူများကို အတည်ပြုချမှတ်နိုင်ခဲ့။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၅ (သောကြာနေ့)

၁၃၆၆ခုနှစ်၊ တပေါင်းလပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယဉ်
၈:၁၀ ၇။ လဝင်းပြင်ရေလျှောင်တမံ
၈:၂၀ ၈။ ခါသကြန်အဆို၊အကများ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ်(သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၃၀ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၅:၄၅ ၈။ မြန်မာစာ၊မြန်မာစကား
၆:၀၀ ၉။ ခါသကြန်အဆို၊အကများ
၆:၁၅ ၁၀။ Discovery.
၆:၂၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ" (အပိုင်း-၂၀)**
၇:၃၅ ၁၅။ မြန်မာတိုင်း ကျွမ်းကျင်စေရာ မြန်မာ့သိုင်းပညာ
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှုးညံ့သိမ်မွေ့တဲ့ အချစ်အကြောင်း" (အပိုင်း-၂) (လူမင်း၊ဝိုင်း၊နိုင်သင်းကြည်) (ဒါရိုက်တာ-မောင်သီ)**
၂၀။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မဇ္ဈိမဂုဏ်ရည်ဆရာတော် စမ္မသဘင်

ရန်ကုန် မတ် ၃၁

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသနာတက္ကသိလမျှောစရိယ ဒေါက်တာအရှင်ကောဝိဒ အရှင်မြတ်သည် ဧပြီ ၁ရက် ညနေ ဖိနာရီတွင် ဒေါပုံမြို့နယ် ဇေယျာသိရိရပ်ကွက် အောင်ရတနာ ၁၂လမ်း၊ ည ၈နာရီတွင် သာကေတမြို့နယ် ၃/ရန်ပြေ ဗုဒ္ဓဝေယျာဝစ္စမျှာရုံ၊ ဧပြီ ၂ရက်နှင့် ၃ရက် ည ၈နာရီတွင် သာကေတမြို့နယ် (၇)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူမျှာရုံ၊ ဧပြီ ၅ရက်နှင့် ၆ရက် ညဂုနာရီတွင် မိတ္တိလာမြို့ ပန်းတင်းရွာ၊ ဧပြီ ၁၃ရက် ည ဂုနာရီတွင် လှည်းကူးမြို့ စက်သုံးလုံးဝိပဿနာရိပ်သာ၊ ၁၄ရက် ည ဂုနာရီတွင် သန်လျင်မြို့ မဏ္ဍလာရာမ မဟာစည်ရိပ်သာ၊ ၁၅ရက် ညနေ ဖိနာရီတွင် သာကေတမြို့နယ် ကွေ့မဘုရားလေးကျောင်း၊ ည ၈နာရီတွင် သာကေတမြို့နယ် (၅)ရပ်ကွက် သိဂီ(၃)လမ်းတောင်၊ ၁၆ရက် မွန်းလွဲ ၁နာရီတွင် သာကေတမြို့နယ် (၁၀၈)တောင် စေတီတော်ရင်ပြင်၊ ည ၈နာရီတွင် သာကေတမြို့နယ် ရန်ပြေ (၅)လမ်း အရှေ့၊ ၁၇ရက် ညနေ ၄နာရီတွင် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ စခန်းသိမ်းပွဲ၊ ၁၈ရက် ညနေ ဖိနာရီတွင် ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ဗြဟ္ဓဝိဟာရလမ်းနှင့် ၂၀ရက် ည ၈နာရီတွင် သာကေတမြို့နယ် ၁၀မြောက်မျှာရုံတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

ဆီ စာမျက်နှာ ၉ မှ

ညီလာခံသတင်းလွှာသည်လည်း သွက်လက်၊ ထက်မြက်၊ အရည်အသွေးမြင့်မားပြီး အားလုံးက နှစ်သက်အားပေးကြသည်ဟုသိရကြောင်း၊ အားတက်ဖွယ်၊ သတိပြုဆင်ခြင်ဖွယ်၊ လွမ်းမောဖွယ်၊ ကြည်နူးချမ်းမြေဖွယ် ရသစုံ ပေးစွမ်းနိုင်ခဲ့သည်ဟုသိရကြောင်း၊ ထို့ကြောင့် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နေ့စဉ်ထုတ် ညီလာခံသတင်းလွှာပါ ဆောင်းပါး၊ ကဗျာ၊ ဟာသများကို စာအုပ်အဖြစ်စုစည်း ရိုက်နှိပ်ကာ ပြည်သူအများဖတ်ရှုနိုင်အောင် ဆောင်ရွက်သွားရန် စီစဉ်နေကြောင်းကို အသိပေးလိုကြောင်း။

ယခုကဲ့သို့ အုပ်ချုပ်မှုကိစ္စများတွင် အကောင်းဆုံးဖြစ်အောင်၊ အဆင်ပြေဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည် တာဝန်ရှိသူများနှင့် ဝန်ထမ်းအားလုံးကိုလည်းကောင်း၊ ခံစားနားလည်မှုအရင်းခံပြီး သည်းခံခွင့်လွှတ် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည် ကိုယ်စားလှယ်ကြီးများအားလုံးကို လည်းကောင်း အထူးကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အတူ ဖျော်ဖြေရေးကဏ္ဍ၌ ငွေကြေးကို ပဓာနမထားဘဲ စေတနာဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီး ဌာနဝန်ထမ်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန မြဝတီပိုင်းတော်သားများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် အငြိမ်အဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံးနှင့် ရုပ်ရှင်ဂီတ အနုပညာရှင်များအားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အပြင် ညီလာခံကြီးအောင်မြင်ရေးအတွက် ငွေကြေး၊ ပစ္စည်းလှူဒါန်းခဲ့ကြသည် အဖွဲ့အစည်းများနှင့် စေတနာရှင်များ၊ အားကစားနှင့် ဖျော်ဖြေမှုကဏ္ဍ၌ စည်စည်ကားကား ဖျော်ဖျော်ရွင်ရွင်ဖြစ်အောင် ပံ့ပိုးကူညီခဲ့ကြသည် ညီလာခံကိုယ်စားလှယ် လုပ်ငန်းရှင်များနှင့် ပြင်ပမှလုပ်ငန်းရှင်များ၊ ရုပ်ရှင်ကားများ စဉ်ဆက်မပြတ်ပြသနိုင်အောင်လှူဒါန်းခဲ့ကြသည် ရုပ်ရှင်ထုတ်လုပ်သူများ အားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

ယခုကဲ့သို့ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အဆင်ပြေချောမွေ့ရုံသာမက ကိုယ်စားလှယ်ကြီးများ၏ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး အမြော်အမြင်ကြီးမားစွာဖြင့် စည်းစည်းလုံးလုံးညီညီညွှတ်ညွှတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးပါလှသည် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံမူများကို အတည်ပြုချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အကြပြုချက်စာတမ်းများကိုလည်း အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ဆွေးနွေးတင်ပြနိုင်ခဲ့ကြပြီးဖြစ်ကြောင်း၊ နောင်ဆက်လက်ဆောင်ရွက်ရမည် ညီလာခံလုပ်ငန်းများကိုလည်း ယခုကဲ့သို့ပင် အောင်မြင်စွာဆောင်ရွက်နိုင်လိမ်မည်ဟု ယုံကြည်ပါကြောင်း။

ယခုမကြာခင်အခမ်းအနားပြီးဆုံးသည်နှင့် မိမိတို့ဌာနေကို ပြန်ကြတော့မည်ဖြစ်၍ ကိုယ်စားလှယ်ကြီးများ၏ ဌာနေအပြန်ခရီးချောမွေ့အန္တရာယ်ကင်းပါစေ၊ မိသားစုနှင့် ပြန်လည်ဆုံတွေ့ ဖျော်ရွင်ချမ်းမြေနိုင်ပါစေ၊ ပြန်လည်ကျင်းပမည် အမျိုးသားညီလာခံသို့လည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနှင့် ပြန်လည်တက်ရောက်နိုင်ကြပါစေ၊ မကြာခင် ကျရောက်မည် မြန်မာနှစ်သစ်နှင့်အတူ အမျိုးဘာသာသာသနာ အကျိုးနှင့် မိမိတို့၏ အကျိုးကို ဆတက်ထမ်းပိုးကြိုးပမ်းထမ်းဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိုဂုံးချုပ်အပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး နံနက်ဇနာရီ ၃၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

နိကာယ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၁

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော နိကာယ်စာမေးပွဲကို ၁၃၆၇ ခုနှစ် နယုန်လဆန်း ၇ရက် ဇွန်၁၃ရက် (တနလာ)နေ့မှ နယုန်လဆန်း ၁၁ရက် ဇွန်၁၇ရက်(သောကြာနေ့)အထိ ငါးရက်တိုင် သတ်မှတ်ထားသည် စာဖြေဌာနများ၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပရက် ငါးရက်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင် ပါဝင်သည် ပြဋ္ဌာန်းချက် ကျမ်းစဉ်များအလိုက် နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲ အချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက် (ရွှေတိဂုံဘုရားလမ်း) (၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

မတ် ၃၀ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်း သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ရိပ်သာ အဆောက်အအုံအတွက် သုဝဏ္ဍမြို့ ကျွန်းရွှေမြိုင်လမ်း အမှတ် (၁၆၄)နေ ကွယ်လွန်သူ မိဘများ ဖြစ်ကြသော ဦးလှဖေ-ဒေါ်ခင်မေစီတို့အားရည်စူး၍ သားသမီးများက အလှူငွေ ကျပ် ၂၅သိန်းကို ပေးအပ်လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဦးအေးကြည် လက်ခံရယူစဉ်။ (က-ပ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ်တစ်သိန်း ပေးပို့လှူဒါန်း

ရန်ကုန် မတ် ၃၁

၂၀၀၅ခုနှစ် မတ်၂၉ရက်တွင်ကျင်းပသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီအစည်းအဝေးတွင် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း ပေးပို့လှူဒါန်းသည် အလှူငွေ ကျပ် ၁၀၀၀၀၀ကို အလှူရှင်ကိုယ်စား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး)က အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)အား ပေးအပ်သည်။ **(အောက်ပုံ)** (သတင်းစဉ်)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် မတ် ၃၁

တာချီလိတ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၄ခုနှစ် ဇွန် ၁၉ရက်တွင် သတင်းအရ တာချီလိတ်မြို့နယ် ဆန်ဆိုင်းအထက်ရပ်ကွက် ပုံလိုလမ်းသွယ် အိမ်အမှတ် ၂/၂၇(ဂ)၌ ဦးရန်ကျင်းဇွန်(ခ)စိုင်းကျော် မောင်းနှင်လာသည် ယာဉ်အမှတ် ၃ခ/၉၆၀၀ကို စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းတွင်းရှိ စက္ကူပုံးအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ဖမ်းဆီးရမိ၍ ယာဉ်ပေါ်ပါ ဦးရန်လင်ရွင်၏သား အသက်(၄၃)နှစ်ရှိ ရန်ကျင်းဇွန်(ခ)စိုင်းကျော်၊ ဦးပီရှန်၏သား အသက်(၂၇)နှစ်ရှိ လောဆမ်(ခ)စိုင်းဆမ်၊ ဦးကျိုင်းဆိုက်၏ သား အသက်(၃၂)နှစ်ရှိ စိုင်းမတ်(ခ) အိုက်မတ်၊ ဦးစိုင်းရီ၏ သား အသက်(၄၆)နှစ်ရှိ နန်နွမ်း၊ ဦးမောင်မြင့်၏သား အသက်(၃၄)နှစ်ရှိ စိုင်းထွန်းမြင့်၊ ဦးအိုက်ယုံ၏သား အသက်(၂၂)နှစ်ရှိ အိုက်ကြောင်တို့အား မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၄၆/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၁၉(က)၊၂၀(က)၂၁အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် တရားခံ ရန်ကျင်းဇွန်(ခ) စိုင်းကျော်၊ လောဆမ်(ခ) စိုင်းဆမ်နှင့် စိုင်းမတ်(ခ) အိုက်မတ်တို့အား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ ထောင်ဒဏ်နှစ် ၂၀စီ ကျခံစေရန်နှင့် တရားခံ နန်နွမ်း၊ စိုင်းထွန်းမြင့်နှင့် အိုက်ကြောင်တို့အပေါ် မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)နှင့် ၂၀တို့အရ ထောင်ဒဏ် နှစ် ၂၀စီ အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ တာချီလိတ်မူးယစ် အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် မူးယစ်ဆေးဝါးများ လာရောက်ရောင်းချမည်ဟု သတင်းရထားသည် တာချီလိတ်မြို့ရီဂျီးနားဟိုတယ် အခန်း(၁၂၇)ကို စောင့်ကြည်နေစဉ် အိုက်ကျိုင်း(ခ) ဇော်မျိုးအောင်ရောက်လာ၍ အခန်းတွင်း ဝင်ရောက်စစ်ဆေးရှာဖွေရာ ခုတင်ပေါ်ရှိ ခေါင်းအုံးအောက်မှ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀စီပါ ကိုးထုပ် စုစုပေါင်း ဆေးပြား ၁၈၀၀၀ ဖမ်းဆီးရမိ၍ တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု ပါဆတ်ရွာနေ ဦးလုံးတစ်၏သား အသက်(၂၆)နှစ်ရှိ အိုက်ကျိုင်း(ခ) ဇော်မျိုးအောင်အား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၉၀/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၉(က)၊ ၂၁ အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် တရားခံ အိုက်ကျိုင်း(ခ) ဇော်မျိုးအောင်အား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ ထောင်ဒဏ် နှစ် ၂၀ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ (သတင်းစဉ်)

မဟာသုဝဏ္ဍကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

သုဝဏ္ဍမြို့ မဟာသုဝဏ္ဍကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သကြန်တွင်း ၁၀ရက် တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ သီလရှင် ဝတ်လိုသူများနှင့် တရားစခန်းဝင်မည် ယောဂီများ၊ လှူဒါန်းလိုသူများသည် သုဝဏ္ဍမြို့ မဟာသုဝဏ္ဍကျောင်းတိုက် ဖုန်း-၅၇၇၀၁၅သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၅ တတိယမြောက်နေ့ပြသ

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသည် ဆဋ္ဌမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာပြပွဲ ၂၀၀၅ကို မရမ်းကုန်းမြို့နယ် မင်းမမှလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ တတိယမြောက်နေ့အဖြစ် ယနေ့ ဆက်လက်ခင်းကျင်းပြသသည်။

ပြပွဲနောက်ဆုံးနေ့ဖြစ်သည်အတွက် ကွန်ပျူတာပညာရှင်နှင့် ဝါသနာရှင်များ၊ ကျောင်းသူ၊ ကျောင်းသား လူငယ်များနှင့် စိတ်ပါဝင်စားသူများ အများအပြား လာရောက်ကြည်ရှုကြသည်။ ပြပွဲတွင် Wonder World Co.,Ltd. ပြခန်း၌ Bosch အမှတ်တံဆိပ် လုံခြုရေး ကင်မရာနှင့် မီးဘေးကြိုတင် ကာကွယ်မှုစနစ်များ စသည်တို့ကို ပြသထားသည်။ **(ဝဲပုံ)** ထို့ပြင် Cytron Computing ပြခန်းတွင် ပုဂံဘုရား အဆူပေါင်း ၆၀တို့၏ ဓာတ်ပုံနှင့် သမိုင်းကြောင်းတို့ပါဝင်သည် CD ကို ပြသထားရာ ပြပွဲလာပရိသတ်များ စိတ်ဝင်စားစွာ ကြည်ရှုလေ့လာဝယ်ယူကြသည်။ (သတင်းစဉ်)

ပတ္တမြားနဂါးနှင့် ကျောက်စိမ်းနဂါး ကျောက်မျက်ကုမ္ပဏီ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ပတ္တမြားနဂါးနှင့် ကျောက်စိမ်းနဂါး ကျောက်မျက်ကုမ္ပဏီ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖ္ဒီ့တော် စည်ပင် (Silvery) ဂေါက်ကွင်း၌ကျင်းပစဉ်။
(သတင်းစဉ်)

RUBY DRAGON JADE & GEMS CO., LTD.
KYAUK SEINN NAGAR GEMS CO., LTD

ရန်ကုန် မတ် ၃၁

ပတ္တမြားနဂါးနှင့် ကျောက်စိမ်းနဂါးကျောက်မျက်ကုမ္ပဏီ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၊ ယမန်နေ့ နံနက်မိုင်းတွင် ဖ္ဒီ့တော်စည်ပင် (Silvery) ဂေါက်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အား၊ကစားသမားများသည် သတ်မှတ်ထားသည့် တိခိုအမှတ်(၁) (1st TEE)၌ နေရာယူထားကြပြီး MYANMAR PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ ချုပ်ဝင်ကွင်း ဗိုလ်ချုပ်ဝင်းလှိုင် (ဦးမ)၊ ပတ္တမြားနဂါးနှင့် ကျောက်စိမ်းနဂါး ကျောက်မျက်ကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းနှင့် ဒါရိုက်တာများ၊ ဖ္ဒီ့တော်စည်ပင်ဂေါက်ကွင်းမှ အထွေထွေမန်နေဂျာတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆုချီမြှင့်ပွဲကို ဧပြီနှာရီတွင် ဖ္ဒီ့တော်စည်ပင်ဂေါက်ကွင်းရေကူးကန်၌ကျင်းပရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းကနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့်ဒါရိုက်တာ ဦးဇော်ဝိတ်တို့က အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော ရီဗီခင်၊ ဒုတိယရရှိသော လှလှမူ၊ တတိယရရှိသော ကိုဒီမီ၊ စတုတ္ထရရှိသော မစန်းနှင့် ပဉ္စမရရှိသော နန်းမြင့်တို့အား ဆုများချီးမြှင့်သည်။

ထိုနေ့ကပတ္တမြားနဂါးကုမ္ပဏီ ဒါရိုက်တာ ဦးခင်ဇော်က ကြေးအဆင်ပြိုင်ပွဲတွင် ပထမရရှိသော ဦးမြင့်ကျော်ဆွေ၊ ဒုတိယရရှိသော ဇော်မင်းနိုင်နှင့် တတိယရရှိသော တင်ဆွေတို့အား လည်းကောင်း၊ အတွင်းရေးမှူး ဦးခွန်စန်းလွင်က ငွေအဆင်ပြိုင်ပွဲတွင် ပထမရရှိသော စန်းနေဘင်၊ ဒုတိယရရှိသော အောင်သွင်ကျော်နှင့် တတိယရရှိသော ရဲမျိုးဟိန်းတို့အား လည်းကောင်း၊ ပတ္တမြားနဂါးနှင့် ကျောက်စိမ်းနဂါးကျောက်မျက်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ရွှေအဆင်ပြိုင်ပွဲတွင် ပထမရရှိသော သန်းထွန်း၊ ဒုတိယရရှိသောမျိုးနိုင်(လှားရှီး)နှင့် တတိယရရှိသော အောင်ဇော်တို့အား လည်းကောင်း၊ Eagle ဆုရရှိသော သန်းလှိုင်ဇော်၊ ဗိုလ်မှူး ခင်ဇော်ဝင်း (HOLE-18) နှင့် ထွန်းထွန်း (HOLE-3)တို့အား လည်းကောင်း၊ HOLE-IN-ONEအမှတ်(၁၆)ကျင်း ဆုရရှိသော ခင်မောင်ကြည်အား လည်းကောင်း ဆုများကိုချီးမြှင်းကြသည်။

ယင်းပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေ အဆင့် ပြိုင်ပွဲများ၌ Most Par ဆုများ၊ MostBirdie ဆုများ၊ Nearest Pin နှင့် Longest Drive ဆုများ ရရှိကြသော ဂေါက်သီးရိုက် အား၊ကစားသမားများအား တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင်းကြသည်။
(သတင်းစဉ်)

မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ကျင်းပမည် ငါးချီပွဲစဉ်တွင် ဝမ်ချိုင်းနှင့်လုံးချော ပွဲစဉ်ပါဝင်

ရန်ကုန် မတ် ၃၁

ရန်ကုန်ဖ္ဒီ့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှကြီးမှူး၍ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်ဖ္ဒီ့မရမ်းကုန်းဖ္ဒီ့နယ် မင်းမေမှလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ဧပြီ ၃ ရက်ညနေ ၃ နာရီ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွင် ငါးချီနှင့် လေးချီပွဲများပါဝင်မည်ဖြစ်ရာ ငါးချီပွဲ၌ ရွှေခါ၊ပတ်ချန်ပီယံ ဝမ်ချိုင်း(ဖ္ဒီ့တော်စည်ပင်)နှင့် လုံးချော(ဧရာဝတီ)၊ နိုင်းဝမ်းလေး(ဖ္ဒီ့တော်စည်ပင်)နှင့် အေးဘိုစိန်(လယ်/ဆည်)၊ စိန်သံမဏိ (ပဲခူးတိုင်း)နှင့် မျိုးဆက်သစ် (သစ်တော)၊ ညီညီဇော (မန္တလေး)နှင့် ရန်ကြီးအောင် (တွတေး)၊ ရွှေခါ၊ပတ်ချန်ပီယံ သူရလင်းထွန်(ဒေးဒရဲ)နှင့် ဖိုးခွားလေး(ရန်ကုန်)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

လေးချီပွဲများတွင် သိုးကောင်း(မြန်မာပြည်သား)နှင့် ကြယ်ဖြူလေး(ကရင်ပြည်နယ်)၊ မင်းထွန်းလေး(တွတေး)နှင့် သားစစ်နိုင် (မြန်မာပြည်သား)၊ ဟိန်းညည်(ဧရာဝတီ)နှင့် ရဲခေါင် (မန္တလေး)၊ သားချောရန်(ရန်ကုန်)နှင့် မြာလှလင်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။
(၁၉)

ကမ္ဘာ့ဥမလား ခြေခုန်ပွဲများ ဆက်လက်ကျင်းပ အာရှဇုန်တွင် တောင်ကိုရီးယား၊ ဂျပန်အသင်းတို့ အနိုင်ရ

ဆိုင်းတာမာ (ဂျပန်) မတ် ၃၁

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဧရာစစ်ပွဲ ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့က ဆက်လက်ကျင်းပသည်။

အာရှဇုန်

အာရှဇုန် အုပ်စု(က)တွင် ပါဝင်သော တောင်ကိုရီးယားနှင့် ဥဇဘက်ကစ္စတန်တို့ ဖ္ဒီ့တော်ဆိုလ်တွင် ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်အသင်းက နှစ်ဝိုင်း–တစ်ဝိုင်းဖြင့် အနိုင်ရရှိသည်။

ပွဲကစားချိန် ပထမပိုင်းတွင် မည်သည့်အသင်းကမျှ ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ကြပေ။ ဒုတိယပိုင်းတွင် တောင်ကိုရီးယားအသင်းအတွက် အနိုင်ဂိုးများကို လီယောင်ဝူနှင့် လီဒေါင်ဂွတ်တို့က သွင်းယူခဲ့ကြသည်။ သိုရာတွင် ပွဲပြီးရန် ၁၁ မိနစ်အလိုတွင် ဥဇဘက်ကစ္စတန်အသင်းမှ အလက်ဇန္ဒာ ဂျယင်ရစ်ဂ တိုက်စစ်ဆင်ကစားပြီး ချေပဂိုးတစ်ဝိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

တောင်ကိုရီးယားအသင်းသည် ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် အုပ်စု(က)အမှတ်ပေး ဇယားတွင် ဦးဆောင်အသင်းတစ်သင်းအဖြစ်သို့ ပြန်လည်ရောက်ရှိလာသည်။ ဗုဒ္ဓဟူးနေ့နောင်ပိုင်းက ကူဝိတ်အသင်းကို အနိုင်ရရှိခဲ့သော ဆော်ဒီအာရေဗျအသင်းမှာ တောင်ကိုရီးယားအသင်းကို အနီးကပ်ယှဉ်ပြိုင်လျက်ရှိသည်။

အာရှဇုန် အုပ်စု(ခ)တွင် ပါဝင်သောဂျပန်နှင့် ဘာရိန်းတို့၏ပွဲကို ဂျပန်နိုင်ငံ ဆိုင်းတာမာမြို့တွင် ကျင်းပခဲ့ရာ၌ ဂျပန်အသင်းက တစ်ဝိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က အီရန်အသင်းကို နှစ်ဝိုး–တစ်ဝိုးဖြင့် ရှုံးနိမ့်ခဲ့သော ဂျပန်အသင်းသည် ယခုပွဲတွင် ဘာရိန်း၏ ခံစစ်ကို ချိုးဖောက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးမရရှိခဲ့ပေ။ သိုရာတွင် ပွဲချိန်၇၂မိနစ်တွင် ဂျပန်အသင်းမှ ရှုန်ခွေနှာကာမူရာက ပြစ်ဒဏ်ကော ကန်ခွင်ရရှိရာ ဂိုးပေါက်ဝအနီးတွင် ရှိနေသော ဘာရိန်းကွင်းလယ်ကစားသမား ဓိဟာမက်ဆယ်လမင်းက ဖျက်ထုတ်ရန် ဘောလုံးကို ယှဉ်လုရာမှ ကိုယ်ဂိုးကိုယ်သွင်းမိပြီး တစ်ဝိုးပေးလိုက်ရသည်။

ဂျပန်အသင်းသည် ယခုအခါ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ဖြင့် ခြောက်မှတ်ရရှိကာ အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ရှိနေသည်။ ဂျပန်အသင်းသည် အီရန်အသင်းအောက်တစ်မှတ်လျှော့သည်။

အီရန်အသင်းသည် ဗုဒ္ဓဟူးနေ့က ကစားသောပွဲ၌ အနိုင်ရရှိခဲ့၍ သုံးပွဲကစား ခုနှစ်မှတ်ရရှိထားသည်။

အာဂျင်တီးနှားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့ပြီးနောက် အောင်ပွဲခံနေသော ဟာနန်ခရက်စဝိုအား ဧတွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဥရောပစုန်

ဥရောပစုန်ခြေစစ်ပွဲများအဖြစ် ဥရောပတစ်ဝန်းတွင် ဗုဒ္ဓဟူးနေ့က ၂၁ပွဲကစားခဲ့ကြသည်။ ဥရောပစုန် အုပ်စု(၆)၏ အကြိတ်အနယ်ရှိလျှင်သော ပွဲများအဖြစ် အင်္ဂလန်နှင့် အဆာဘိုင်ဂျန်ပွဲနှင့် ပိုလန်နှင်မြောက်အိုင်ယာလန်ပွဲတို့တွင် အင်္ဂလန်နှင့် ပိုလန်တို့ကို အသီးသီးအောင်ပွဲ ခရဲခဲ့ကြသည်။

နဗယူးကာဆယ်တွင်ကျင်းပသော အင်္ဂလန်–အဆာဘိုင်ဂျန်ပွဲတွင် အင်္ဂလန်က နှစ်ဝိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပွဲကစားချိန်ပထမပိုင်းတွင် နှစ်ဖက်စလုံးက ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ကြပေ။ ပထမပိုင်းအတွင်း အင်္ဂလန်အသင်းမှ ဂျန်တယ်ရီ၏ အမှာကြောင့် အဆာဘိုင်ဂျန်

ကရေတီယားနှင့် ကျောက်စိမ်းနဂါး ကျောက်မျက်ကုမ္ပဏီ

ရန်ကုန်

ကရေတီယားနှင့် ကျောက်စိမ်းနဂါး ကျောက်မျက်ကုမ္ပဏီ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖ္ဒီ့တော်စည်ပင် (Silvery) ဂေါက်ကွင်းတွင် ကျင်းပနေစဉ်။

ကြေးမုံ

အင်္ဂလန်အသင်းမှ ဝိန်းနီရွန်နေးအား အဆာဘိုင်ဂျန်အသင်းမှ ကာရီ ဝေဘာ(ဝဲ)နှင့် အယ်လ်မာ ဘက်ရီယက်စ်(ယာ)တို့ ဟန့်တားရန် ကြိုးပမ်းစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အကြိတ်အနယ် ယှဉ်ပြိုင်

ကမ္ဘာ့ဖလား ဥရောပရုန် အုပ်စု(ဂ) တွင် စစ်နိန်အသင်းနှင့် ဆာဘီးယား အသင်း တို့အ အကြိတ် အနယ် ယှဉ်ပြိုင် ကစားနေကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကာကွယ်နိုင်ခဲ့

ဒုတိယပိုင်းတွင် အင်္ဂလန်အသင်းက ပိုမိုရှိ၍ ဖိကစားလာသည်။ အင်္ဂလန်အသင်းမှ မိုက်ကယ်အိုဝင်က ခေါင်းတိုက်သွင်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အဆာဘိုင်ဂျန်ဂိုးသမား ကရာမာရင်ကိုက ကာကွယ်နိုင်ခဲ့သည်။

ပွဲချိန် ၅၁မိနစ်တွင် ရွန်နေးက အခက်အခဲများကို ကျော်လွှားလွန်းမြောက်ကာ ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည် ဘောလုံးကို ဂျရတ်က သွင်းယူနိုင်ခဲ့ရာ အင်္ဂလန်အသင်း ပထမဝိုးရရှိသည်။ ပွဲချိန် ၆၂ မိနစ်တွင် လမ်းပတ်တင်ပေးသည် ဘောလုံးကို ဒေးဗစ်ဘက်ခမ်းက လှလှပပသွင်းယူနိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ခြောက်ပွဲကစား၊အပြီးတွင် ပိုလန်အသင်းထက် တစ်မှတ်အသာဖြင့် ၁၆ မှတ်ရရှိကာ အုပ်စုတွင် ဦးဆောင်လျက်ရှိသည်။

အခြားပွဲရလဒ်များ

အစ္စရေး ၁–၁ ပြင်သစ်
ယူကရိန်း ၁–၀ ဒိန်းမတ်
ဂရိ ၂–၀ အယ်လ်ဘေးနီးယား
တူရကီ ၅–၂ ဂျော်ဂျီယာ
ဆလိုဗက်ကီးယား ၁–၁ ပေါ်တူဂီ
ရုရှား ၁–၁ အက်စတိုးနီးယား
နယ်သာလန် ၂–၀ အာမေးနီးယား
ချက် ၄–၀ အင်ဗိုရာ
ရိုမေးနီးယား ၂–၁ မက်ဆီဒိုးနီးယား
စပိန် ၀–၀ ဆာဘီးယား

တောင်အမေရိကဒုန်

အာဂျင်တီးနှားနှင့်ကိလ်ဘီယာအသင်းတို့ ဖ္ဒီ့တော်ဗျူနိုအေရီတွင် ဗုဒ္ဓဟူးနေ့က ကစားခဲ့ရာတွင် အာဂျင်တီးနှားက တစ်ဝိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အာဂျင်တီးနှားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် တိုက်စစ်မှူး ဟာနန်ခရက်စဝိုက သွင်းယူနိုင်ခဲ့သည်။ ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသော ကိုလ်ဘီယာအသင်းကို အနိုင်ရရှိပြီးနောက် အာဂျင်တီးနှားအသင်းသည် အုပ်စုတွင် ၂၈ မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။

အင်တာနက်။

ရောဝတီတိုင်းအတွင်း နှမ်းစပါးစိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၃၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် မတ် ၂၈ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်း ခရိုင်အလိုက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဧရာဝတီတိုင်းအတွင်း နှမ်းစပါး ဧက ၁၁ သိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းစိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှမျိုးက ၂၀၀၅ ခုနှစ် မိုးရာသီတွင် ဧက ၃၆ သိန်းပြည့်မီအောင် စိုက်ပျိုးရေးနှင့် နှမ်းစပါးစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးစီစဉ်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီဝင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ရွှေမုဋ္ဌောစေတီတော်၌ ကျင်းပသော (၄၈)ကြိမ်မြောက် အဘိဓမ္မာ ခုနစ်ကျမ်း အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲသို့ ရောက်ရှိပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် နိုကြောဓာရုံ ညောင်ပင်သာကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတ အမှူးပြုသော ဆရာတော် သံဃာတော် ၃၅ပါးတို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

သတိပဋ္ဌာန်အလုပ်ပေး တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၃၁

ရန်ကုန် မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်၊ ဖော့ကန်ဝါဠုပရိယတ္တိစာသင်တိုက်တွင် ပဋ္ဌမအကြိမ်မြောက်သင်္ကြန်တွင်း ခုနစ်ရက်သတိပဋ္ဌာန် အလုပ်ပေးတရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းကို ဧပြီ ၁၁ ရက်ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ ဧပြီ ၁၂ရက်မှ ၁၈ ရက်အထိ တရားအားထုတ်လိုသော ယောဂီများ ဧပြီ ၁၀ ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထားစာရင်းပေးသွင်းကြရန်နှင့် ဖုန်း-၇၂၂၈၈၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ထူးချွန် အမျိုးသမီး အားကစားသမားများအား ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ၂၀၀၄ ခုနှစ် ထူးချွန်အမျိုးသမီး အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယကများ၊ ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ အလုပ်အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ထူးချွန်အားကစားမယ်များနှင့် အုပ်ချုပ်သူ နည်းပြဆရာများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ (၂၀၀၄)ခုနှစ် ထူးချွန် အမျိုးသမီး အားကစားသမားများ ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သန်းနွဲ့ အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းနည်းပြချုပ် ဦးအေးမောင်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (အား/ကာ)

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ပထမအကြိမ်အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ချန်ဆီယံ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ အနိုင်ရွှေဂိုးများ ဗီဒီယိုပြသပြီး ၂၀၀၄ ခုနှစ် ထူးချွန်အမျိုးသမီး အားကစားသမားများနှင့် အုပ်ချုပ်သူ နည်းပြများအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သန်းနွဲ့က အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော မြန်မာ့ လက်ရွေးစင် အမျိုးသမီး ဘောလုံး အသင်း ခေါင်းဆောင် ဒေါက်တာပင်ဒိုရာ အောင်ကြီး၊ နည်းပြချုပ် ဦးအေးမောင်၊ လက်ထောက်နည်းပြ ဦးခင်မောင်ကို၊ အုပ်ချုပ်သူ ဒေါ်မိမိမော်နှင့် လုံခြုံရေးအရာရှိ ဗိုလ်မှူးဇော်ထူးအောင်တို့အားလည်းကောင်း၊ ဂုဏ်ထူးဆောင် နာယက ဒေါ်သန်းသန်းနွဲ့၊ ဦးဆောင် နာယက ဒေါ်ခင်ခင်ဝင်းနှင့် ဦးဆောင် နာယက ဒေါ်ခင်နှင်းဝေတို့က မြန်မာ့ လက်ရွေးစင် အမျိုးသမီး ဘောလုံး အသင်းမှ အားကစားသမား တစ်ဦး ချင်းအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင် နာယက ဒေါ်မာလာတင့်က (၆)ကြိမ်မြောက် အာရှ ဝူရှူးတခွန်စိုက်ပြိုင်ပွဲတွင် မြန်မာအသင်းနည်းပြ ဦးထွန်းမြင့်၊ ရွှေတံဆိပ် နှစ်ခုရှင် ဆွေဆွေသန့်နှင့် ရွှေတံဆိပ် တစ်ခုရှင် ခိုင်ခိုင်မော်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင် နာယက ဒေါ်ခင်လေးမြင့်က (၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဂျူဒိုပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အာရှ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော မြန်မာအသင်းမှ နည်းပြ ဒေါ်ခင်မူမူ၊ ရွှေတံဆိပ် နှစ်ခုရှင် နွယ်နွယ်သန်း၊ ရွှေတံဆိပ် တစ်ခုရှင် အေးအေးသင်းနှင့် ရွှေတံဆိပ် တစ်ခုရှင် အေးအေးအောင်တို့အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင် နာယက ဒေါ်ခင်စောနှင်းက (၅)ကြိမ်မြောက် အရှေ့တောင်အာရှ ကနူးလှေလှော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာအသင်းမှ နည်းပြ ဦးအုန်းမြင့်၊ ရွှေတံဆိပ် သုံးခုရှင် အေးမိခိုင်၊ ရွှေတံဆိပ် နှစ်ခုရှင် သိန်းဌေးဝင်းတို့အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစား အဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်စန်းစန်းရီက ဒုတိယအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော မြန်မာအသင်းမှ နည်းပြ Mr. An Seung Buno၊ ရွှေတံဆိပ် တစ်ခုရှင် သင်းသင်းခိုင်တို့အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်အေးကြင်က သက်ငယ်တန်း ကမ္ဘာ့အမှတ်ပေး တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော မြန်မာအသင်းမှ နည်းပြ ဦးအောင်မြင့်နှင့် ရွှေတံဆိပ် သုံးခုရှင် ချစ်စုရည်တို့အား ဂုဏ်ပြုဆုကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၅)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့ အားကစားအဖွဲ့အတွက် စေတနာရှင် လုပ်ငန်းရှင်များက မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်သို့ အလှူငွေများ လှူဒါန်းကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က လည်းကောင်း၊ မြန်မာ့ အားကစား အောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးတင့်ဆန်းနှင့် ဇနီး ဒေါက်တာဒေါ်ဌေးဌေးငြိမ်း(မန်နေဂျင်း ဒါရိုက်တာ၊ အေစီအီး ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ Max Myanmar ကုမ္ပဏီလီမိတက်မှ ဦးဇော်ဇော်က ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ မောင်ဝိတ်နှင့် မိသားစုကုမ္ပဏီ လီမိတက်က ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဦးကျော်ဝင်း (ရွှေသံလွင် ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဦးကျော်စိန်(အိုလံပစ် ဟိုတယ်)က ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ ဦးချစ်ခိုင် (အေဒင် ဆောက်လုပ်ရေး)က ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ ဦးထွန်းမြင့်နိုင် (အေးရှားဝေါ ကုမ္ပဏီလီမိတက်)က ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း)က ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်းက ငွေကျပ် သုံးသိန်းကို လည်းကောင်း အသီးသီး ပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

(သတင်းစဉ်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) **နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ၊**
(၂) **နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ၊**
(၃) **နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ၊**
(၄) **အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်၊**
(၅) **နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ၊**
(၆) **အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ၊**
(၇) **ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊**
(၈) **ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ၊**
(၉) **ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ၊**
(၁၀) **ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ၊**
(၁၁) **မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊**
(၁၂) **အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။**

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာသင်္ကြန်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မြန်မာသင်္ကြန်
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ **မမှောင်သောအလင်း (အပိုင်း-၁၁)**
၅:၃၀ ၉။ မြန်မာသင်္ကြန်
၅:၂၅ ၁၀။ Goal Show အစီအစဉ်
၅:၅၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **ထူးခြားသောကလေးငယ် ကာတွန်းဇာတ်လမ်း (အပိုင်း-၃၆)**
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောက်မဖြစ်တဲ့နှလုံးသားရပ်ကြွင်း" (အပိုင်း-၂)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီးဘုန်းမီးနေလ" (အပိုင်း-၂၉)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့သော ချောင်းကြီး-ကျောက်ပျဉ်အိုင် ကျောက်ချောလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဆန်းဝင်းထွေးနှင့် ချောင်းကြီးကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်တို့ မတ် ၂၀ ရက်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၆၁)

ကျုံပျော်မြို့နယ် ကျောက်ချောလမ်းသစ် ဖွင့်

ကျုံပျော် မတ် ၂၈

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော သောင်ကြီး-ဒိုက်ပျက်လမ်း အပိုင်း(၃) ကျေးလက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မတ် ၁၈ ရက်က အဆိုပါလမ်း မဂ်လာမုခ်ဦးရှေ့တွင် ကျင်းပရာ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအေးက ကျောက်ချောလမ်းသစ် ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ကုန်ကျခံ

အဆိုပါ ကျောက်ချောလမ်းသစ်သည် အရှည်ပေ ၆၆၀၀၊ အကျယ်ရှစ်ပေ စုစုပေါင်း ကုန်ကျငွေ ကျပ် ၇၇၅၀၀၀၀ ကျခံဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ဟောပြောပွဲကို မတ် ၈ ရက်က သာယာဝတီမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ သာယာဝတီ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်တို့ မြို့နယ် အတွင်းရှိ ချိုတဲ့ကိုယ်ဝန်ဆောင် မိခင်များအား ဆေးဝါးများ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

တာချီလိတ် မတ် ၂၄

တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်တွင် ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ မျိုးဆက်ပွား ကျန်းမာရေး ပညာပေး ဟောပြောပွဲများကို ကျေးရွာနှင့် ရပ်ကွက်များ၌ ကျင်းပလျက်ရှိရာ မတ် ၁၃ ရက်က ဟောင်လိတ်ကျေးရွာအုပ်စု လွယ်စတုံကျေးရွာခန်းမ၌ မျိုးဆက်ပွား ကျန်းမာရေးစီမံချက်အဖွဲ့ တာဝန်ခံ ဒေါ်တင်တင်လှနှင့် ဗဟို သင်တန်းဆင်း ဆရာ၊ ဆရာမများက ပညာပေးဟောပြောကြသည်။ **(ခရိုင်ပြန်/ဆက်)**

မတ် ၅ ရက်က မြဝတီမြို့နယ် သဃန်းညီနောင်ကျေးရွာအုပ်စု ဝွေ့ရှမ်းကျေးရွာ၌ နိုင်ငံသားစီစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် မြဝတီမြို့နယ် ဦးစီးဌာနမှူး ဦးစောချစ်သန်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌတို့ ကူညီပံ့ပိုးဆောင်ရွက်ပေးစဉ်။ (လဝက)

ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ဇကာကြီးကျေးရွာ ကွက်သစ်အလယ်လမ်း ကျောက်ချောလမ်းခင်းရန် မတ် ၂၅ ရက်က မြေသားလမ်း ပြုပြင်ခြင်းကို ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အရန်မီးသတ်တပ်ဖွဲ့ သင်တန်းဆင်းပွဲ ကျင်းပ

ဆိပ်ဖြူ မတ် ၂၆

ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် အရန်မီးသတ်သင်တန်း အမှတ်စဉ် (၃/၂၀၀၅) သင်တန်းဆင်းပွဲကို မတ် ၁၉ ရက် နံနက် ၉ နာရီက ဆိပ်ဖြူမြို့နယ် လက်ဆည်ကျေးရွာအားကစားကွင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်စိုးတင်တို့က အမှာစကား ပြောကြားသည်။

ချီးမြှင့်

သင်တန်းဆင်းပွဲတွင် ဆုရရှိသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆုများ ချီးမြှင့်သည်။ ဆိပ်ဖြူမြို့နယ်တွင် အခြေခံ မီးသတ်သင်တန်း(၁/၂၀၀၅)ကို ဆိပ်ဖြူမြို့တွင် လည်းကောင်း၊ (၂/၂၀၀၅)ကို ကဇွန်းမကျေးရွာတွင် လည်းကောင်း အသီးသီးပြုလုပ်ခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

ဒီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်

တောင်သာ မတ် ၂၆

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်သာမြို့နယ် ပဲခင်းကျော်ကျေးရွာ ဒီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို မတ် ၂၀ ရက် ည ၇ နာရီက အဆိုပါစက်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခင်းကျော်ကျေးရွာ ဒီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(မြို့နယ်ပြန်/ဆက်)**

မီးဘေးကာကွယ်တားဆီးရေး သရုပ်ပြ

ဘိုကလေး မတ် ၁၆

ဘိုကလေးမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မချေးကြီး မီးဘေးကာကွယ်တားဆီးရေး သရုပ်ပြပွဲကို ဇန်နဝါရီ ၂၄ ရက်က အဖွဲ့ပိုင် မြို့မချေးကြီးတွင် ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်လင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲဗလဦးစိုးနောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းဝင်း၊ စည်ပင်သာယာရေးအရာရှိများ၊ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ချေးမီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် မြို့မချေးရုံ အမှတ်(ဂ)ရုံနှင့် (ခ)ရုံကြားရှိ ချေးရုံလမ်းတစ်လျှောက်၌ မီးငြိမ်းသတ်မှု စွမ်းရည်သရုပ်ပြမှုကို သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ချေးသူ၊ ချေးသားများက ချေးတွင်း၊ ချေးပြင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ခဲ့သည့် ဗျာပုံမြို့ မြို့ပတ်လမ်း အပိုင်း(၂) ကတ္တရာလမ်းသစ်နှင့် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မတ် ၁၈ ရက် နံနက်က မှုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ မြို့နယ်အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူး ဦးလှမိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၃၈၃)

သွေးလှူရှင်များ အဆိုပြုလွှာပေးအပ်

ဟသံာတ မတ် ၂၈

ဟသံာတမြို့နယ် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ သွေးလှူရှင် အဆိုပြုလွှာပေးအပ်ခြင်းနှင့် သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ဟသံာတမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သွေးလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် သွေးလှူရှင်များကိုယ်စား မြို့နယ် ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွှန်ဦးက သွေးလှူရှင်အဆိုပြုလွှာများအား ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ထံ ပေးအပ်သည်။ **(ခရိုင်ပြန်/ဆက်)**

ပဲခူးအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ပဲခူး မတ် ၃၀

ပဲခူးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို မတ် ၂၆ ရက် မွန်းတည် ၁၂နာရီက ပဲခူးမြို့ သွန်းတော်မူဘုရားကြီး အရှေ့ဘက်ဝင်း ဈေးကြီးဆန်လှူအသင်းတိုက်တွင် ကျင်းပသည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးညွှန်ဇော်(ရန်ကုန်)၊ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်(ရန်ကုန်)၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်ကြူ (ပဲခူး)၊ အတွင်းရေးမှူး ဦးဝင်းမြင့်(ရန်ကုန်)၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်(ပဲခူး)တို့ ပါဝင်သော အမှုဆောင်ကော်မတီအသစ်ကို ရွေးချယ်တင်မြှောက်သည်။ အစည်းအဝေးတွင် ပဲခူးအသင်းနာယက ဦးကြင်ဝမ် (ဂျိုးသိန်းဆေးပေါ်လိပ်၊ စိန်ဟင်း လျှပ်စစ်နှင့် အိမ်ဆောက်ပစ္စည်း မိသားစု)က ပဲခူးအသင်း(ရန်ကုန်)၏ ပညာရေးရန်ပုံငွေ အတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးညွှန်ဇော်က လက်ခံရယူသည်။ **(က-ပ)**

နတ်တလင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက် လျက် ရှိသော ခရိုင်ချင်းဆက် မြေသားလမ်း နတ် တလင်း အ ပိုင်း ဖောက်လုပ်နေမှုကို မတ် ၂၆ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ညွှန်ကြားရေးမှူး ဦး စိုး လွင် နှင့် အဖွဲ့ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပသွားနိုင်သည်နှင့်အမျှ ပြည်သူများ လိုလားတောင့်တနေသည့် စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်သည်လည်း ပို၍ပို၍ နီးကပ်လာနေ

နိုင်ငံတော်အတွက် မိမိတို့၏ လက်တွေ့ကြိုးပမ်းဆောင်ရွက်ချက်များသည် အပြုသဘောဆောင်သည့် သမိုင်းတွင်ရစ်မည့် လုပ်ဆောင်ချက်များဖြစ်

ဆွေးနွေးအကြံပြုတင်ပြချက်များကို စာတမ်းပြုစုရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နား နောက်တစ်ကြိမ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၅ခုနှစ် နှစ်ကုန်ပိုင်းခန့်တွင် ပြန်လည်ကျင်းပမည်

ရန်ကုန် မတ် ၃၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ နိုပုံးချုပ် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနသံာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနသံာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနသံာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

ယခု ကိုယ်စားလှယ်အများအပြားက ဆွေးနွေးအကြံပြုတင်ပြခဲ့ကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက စိစစ်ပြီး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၏ အတည်ပြုချက်ကိုရယူကာ နောက်တစ်ကြိမ်ကျင်းပမည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီး၌ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သွားမည်။

အမှာစကားပြောကြား

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာဝတိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုပုံးချုပ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)